မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် | ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၀၄၀)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး (၃/၂၀၂၃) တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လတ်တလောဖြစ်ပွားလျက်ရှိသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ဖြစ်စဉ်များနှင့် ဆက်စပ်လျက်ရှိသည့် အခြေအနေများ ရှင်းလင်းတင်ပြစဉ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး(၃/၂၀၂၃) ကျင်းပ

တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကာကွယ်ရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၃/၂၀၂၃)ကို ယနေ့ နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

ပြည်သူတစ်ရပ်လုံးက အားပေးကူညီ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသများတွင် အောက်တိုဘာ ၂၇ ရက်က စတင်ဖြစ်ပေါ်ခဲ့သည့် တိုက်ခိုက်မှုများ၊ ဖျက်ဆီးမှုများ၏ ပုံရိပ်များက နိုင်ငံတစ်ဝန်းရှိ ပြည်သူများကို စိုးရိမ်ပူပန်မှုတို့ဖြစ်ပေါ်စေသည်။ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည့် လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်ကာလအတွင်း တည်ဆောက်ခဲ့သမျှ၊ ဖွံ့ဖြိုးခဲ့သမျှတို့ကို တဒင်္ဂမျှအတွင်း ဖျက်ဆီးခဲ့ကြသလို ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဒေသခံတိုင်းရင်းသားပြည်သူလူထုတို့၏ လူမှုစီးပွားဘဝများမှာလည်း အချိန်တိုအတွင်း ပျက်စီးခဲ့ကြရသည်။ အဓိက လက်သည်တရားခံများမှာ MNDAA နှင့် TNLA တို့ဖြစ်ကြပြီး KIA၊ AA နှင့် PDF တို့လည်း ပူးပေါင်းပါဝင်လျက် အလုံးအရင်းဖြင့် တိုက်ခိုက်ဖျက်ဆီးခဲ့ကြခြင်းဖြစ်သည်။

အကြမ်းဖက်အဖျက်လုပ်ရပ်များကို ပူးပေါင်းကျူးလွန်ခဲ့ကြသူများမှာ အတူတူလုပ်ကိုင်ခဲ့ကြသော်လည်း ကိုယ့်ရည်မှန်းချက်နှင့်ကိုယ်၊ ကိုယ့်အကျိုးစီးပွားနှင့်ကိုယ်သာလျှင် ဖြစ်ကြသည်။ MNDAA အမည်ခံထားသည့် ကိုးကန့်လက်နက်ကိုင်အဖွဲ့သည် ၁၉၈၉ ခုနှစ်အတွင်း ဖုန်ကြားရှင်နှင့်ဖုန်ကြာဖူးတို့ ခေါင်းဆောင်၍ ဗမာပြည်ကွန်မြူနစ်ပါတီလက်အောက်မှ ခွဲထွက်အလင်းဝင်ခဲ့သောအဖွဲ့ဖြစ်ပြီး လောက်ကိုင်ဒေသကို အုပ်ချုပ်နိုင်ရန်အတွက် ၁၉၉၂ ခုနှစ်တွင် မျိုးနွယ်နှစ်ခုကြား အာဏာလုပွဲဖြစ်သည့် ပထမ ဖုန်/ရန် အရေးအခင်းဖြစ်ခဲ့ပြီး ၁၉၉၅ ခုနှစ်တွင် ဒုတိယ ဖုန်/ရန် အရေးအခင်းဖြစ်ခဲ့သည်။ ကိုးကန့်ဒေသသည် နယ်စပ်မျဉ်းနှင့် ကပ်နေပြီး ကိုးကန့်လက်နက်ကိုင်အဖွဲ့ကို ဦးဆောင်နေသူများမှာ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှု၏ အကျိုးအမြတ်အကြောင်းကို ကောင်းစွာသိရှိထားကြသူများဖြစ်ကြသလို မူးယစ်ဆေးဝါးလုပ်ငန်းကို မစွန့်လွှတ်နိုင်ကြသူများလည်း ဖြစ်ကြသည်။

မူဆယ်၊ ချင်းရွှေဟော်၊ လောက်ကိုင်အပါအဝင် အရှေ့မြောက်နယ်စပ်ဒေသများသည် အိမ်နီးချင်းတရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိစပ်လျက်ရှိပြီး ဒေသတည်ငြိမ်အေးချမ်းသည်နှင့်အမျှ အရှိန်အဟုန်နှင့် ဖွံ့ဖြိုးတိုးတက်လာမည့် ဒေသများဖြစ်သည်။ လက်ရှိကာလတွင်မူ အဆိုပါဒေသများအနက် မူဆယ်နှင့် ချင်းရွှေဟော်တို့မှာ တရုတ် - မြန်မာနယ်စပ်ကုန်သွယ်ရေး၏ အဓိကနေရာများဖြစ်ပြီး နိုင်ငံ့စီးပွားရေးအတွက် အရေးကြီးသည့်နေရာများဖြစ်သလို တရားဥပဒေစိုးမိုးရေး အလှမ်းဝေးသည့်နေရာများတွင် မူးယစ်ဆေးဝါးထုတ်လုပ်မှုများနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ တွင်ကျယ်နေကြသည်ကို တွေ့ရသည်။ အကျိုးအမြတ်များလှသည့် အဆိုပါလုပ်ငန်းများမှာ နိုင်ငံတကာ ရာဇဝတ်ဂိုဏ်းများနှင့်အတူ ပြည်တွင်းမှ လက်နက်ကိုင်အဖွဲ့အစည်းအချို့မှ လူပုဂ္ဂိုလ်များလည်း ပါဝင်ပတ်သက်နေကြကြောင်း သတင်းများတွင် တွေ့ရှိရသည်။

အောက်တိုဘာ ၂၇ ရက်ဖြစ်စဉ်နှင့်စပ်လျဉ်း၍ “MNDAA သောင်းကျန်းသူများအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုမှ ရရှိသည့်အကျိုးအမြတ်များကို ခံစားလိုပြီး ၎င်းတို့၏အာဏာကို တည်ဆောက်လိုခြင်းကြောင့် ယခုဖြစ်စဉ်များဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း၊ လောက်ကိုင်ဒေသနှင့်ပတ်ဝန်းကျင်မှ မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှုအနေဖြင့် ၂၀၀၆ ခုနှစ်မှစ၍ ကြီးမားသည့် မူးယစ်ဆေးဝါးဖြစ်စဉ် ၁၈ ခုရှိပြီး ဖမ်းဆီးရမိမှုအနေဖြင့် ၈၂ ကြိမ်၊ တရားခံ ၁၄၀ ဦး၊ ကာလတန်ဖိုး ၇၁ ဒသမ ၅၉ ဘီလီယံဖိုး ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါမူးယစ်ဆေးဝါးမှရရှိသည့် အကျိုးအမြတ်များကို သိရှိခြင်းကြောင့် MNDAA အဖွဲ့အနေဖြင့် လောက်ကိုင်ဒေသကို ပြန်လည်ရရှိအောင် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း” ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး (၃/၂၀၂၃) တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရှင်းလင်းတင်ပြရာတွင် ပြောကြားခဲ့သည်။

လက်ရှိကာလ မိမိတို့နိုင်ငံကြုံတွေ့နေရသည့် အတွင်းရန်၊ အပြင်ရန်များသည် နိုင်ငံအတွင်းစည်းလုံးညီညွတ်မှုကင်းမဲ့ပါက ဝါးအစည်းပြေသကဲ့သို့ တိုင်းပြည်လည်းတစ်စစီပြိုကွဲသွားမည်ဖြစ်သည်။ အထူးသဖြင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ မထိခိုက်စေရေးအတွက် စွန့်လွှတ်စွန့်စားတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်နှင့် ပြည်သူလူထုအကြားတွင် တစ်သားတည်းရှိရန် လိုအပ်သလို တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ထောက်ခံအားပေးမှု၊ ပူးပေါင်းကူညီမှုတို့ဖြင့် ပြည်ထောင်စုကြီး၏အင်အား၊ တပ်မတော်၏အင်အားကို ပိုမိုဖွံ့ထွားသန်မာစေရေး တစ်တပ်တစ်အားပါဝင်ကြရပါမည့်အကြောင်း။ ။

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပန္နရသမအစည်းအဝေး ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၈

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ပန္နရသမအစည်းအဝေးကို ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၃၊ ၄၊ ၅၊ ၆)ရက်၊(၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်နှင့် ဒီဇင်ဘာ ၁၊ ၂၊ ၃)ရက် ကြာသပတေး၊ သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၇၊ ၈)ရက်၊(၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၄၊ ၅ ရက်) တနင်္လာ၊ အင်္ဂါနေ့များတွင် ပန္နရသမအစည်းအဝေးကြီး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ (၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)၊ ဗုဒ္ဓဟူးနေ့အရောက် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီ မရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သူ ကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် နိုဝင်ဘာ ၈

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းအငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် နိုဝင်ဘာ ၈

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

မိုးဇလ

နေ့သင်တန်းများ ဖွင့်လှစ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
ကြေညာချက်
နေ့သင်တန်းများဖွင့်လှစ်ကြောင်းကြေညာခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ပထမနှစ် (၂၀၂၃ အောင်) (ပထမနှစ်ဝက်)သင်တန်းနှင့် ဒုတိယနှစ် (ပထမနှစ်ဝက်) သင်တန်းများကို ၁၆-၁၁-၂၀၂၃ ရက်နေ့မှ စတင်၍ (စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျောင်းအပ်လက်ခံပြီး ၂၃-၁၁-၂၀၂၃ ရက်နေ့မှ စတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ဘွဲ့လွန်ဒီပလိုမာနှင့် မဟာဘွဲ့သင်တန်းများ၏ ဒုတိယနှစ်ဝက်သင်တန်းများကို ၂၃-၁၁-၂၀၂၃ ရက်နေ့မှ စတင်၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

၂။ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ပထမနှစ် (ပထမနှစ်ဝက်) သင်တန်းသို့ဝင်ခွင့်ရရှိသည့် ကျောင်းသား၊ ကျောင်းသူများစာရင်းအား (၉-၁၁-၂၀၂၃)ရက်နေ့၌ ဝန်ကြီးဌာန၏ website ဖြစ်သည့် https://mcrd.gov.mm နှင့် ဤတက္ကသိုလ်၏ website ဖြစ်သည့် https://ucmt.edu.mm တို့တွင် ကြေညာပေးသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

တီးတိန်မြို့၌ (၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

တီးတိန် နိုဝင်ဘာ ၈

ချင်းပြည်နယ် တီးတိန်မြို့၌ ပြည်ထဲရေးဝန်ကြီးဌာန (၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် ပရိတ်တရားနာယူခြင်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ယမန်နေ့က တီးတိန်မြို့ထေရဝါဒဗုဒ္ဓသာသနာပြု (ဗဟို)ကျောင်း၌ ပြုလုပ်သည်။

ဦးစွာ ဆရာတော်ဘဒ္ဒန္တပုညာနန္ဒ (M.A Buddism)ထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး ဆရာတော်အရှင်မြတ်များ ရွတ်ပွားသည့်မေတ္တသုတ်ပရိတ်တရားတော်များ နာယူကြသည်။ ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ဆရာတော်အရှင်သူမြတ်များထံ နဝကမ္မနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သမိုင်းကြောင်းပြောကြားပြီး ဝန်ထမ်းများစုပေါင်းနေ့လယ်စာသုံးဆောင်ခြင်း၊ ကံစမ်းမဲဖောက်ခြင်းများဖြင့် ပျော်ရွှင်စွာကျင်းပကြောင်း သိရသည်။

မိုးမိုး

❖ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ ယာယီသမ္မတ ဦးမြင့်ဆွေ၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးမြင့်ဆွေတို့ တက်ရောက်ကြသည်။

ကိုးကန့်ဒေသပြန်လည်ထိန်းသိမ်းရေး ဆောင်ရွက်ခဲ့

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လတ်တလောဖြစ်ပွားလျက်ရှိသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ဖြစ်စဉ်များနှင့် ဆက်စပ်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြလိုကြောင်း၊ အောက်တိုဘာ ၂၇ ရက်တွင် လောက်ကိုင်ဒေသ၊ ချင်းရွှေဟော်ကို အဓိကထား၍ MNDAA သောင်းကျန်းသူအဖွဲ့များက တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်သည် သာမန်အားဖြင့် MNDAA မှတိုက်ခိုက်ခြင်းဖြစ်သော်လည်း သမိုင်းအရ ဆက်စပ်မှုများရှိကြောင်း၊ ၂၀၀၉ ခုနှစ်တွင် လောက်ကိုင်ဒေသ၌ ဖုန်ကြားရှင် ဦးစီးသည့် အထူးဒေသ (၁) ရှိကြောင်း၊ အဆိုပါဒေသတွင် မူးယစ်ဆေးဝါးများ ထုတ်လုပ်ရောင်းချခြင်း၊ လက်နက်ခဲယမ်းများထုတ်လုပ်ခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သတင်းရရှိသဖြင့် တပ်မတော်အနေဖြင့် ဆောင်ရွက်ခြင်းမပြုရန် တားဆီးခဲ့ကြောင်း၊ သို့သော် လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် မိမိကိုယ်တိုင်ဦးစီး၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် မူးယစ်ဆေးဝါးထုတ်လုပ်သည့် စက်ရုံများ၊ လက်နက်ခဲယမ်းထုတ်လုပ်သည့် စက်ရုံများကို သိမ်းဆည်းရမိခဲ့ပြီး မူးယစ်ဆေးဝါး မြောက်မြားစွာ ဖမ်းဆီးရမိခဲ့ကြောင်း၊ ထိုသို့တပ်မတော်အနေဖြင့် မူးယစ်ဆေးဝါးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖုန်ကြားရှင်နှင့်အဖွဲ့သည် အဆိုပါနေရာမှ ဆုတ်ခွာသွားကြောင်း၊ ၎င်းတို့နေရာတွင် ဦးပယ်ဆောက်ချိန် ဦးဆောင်သည့်အဖွဲ့ကို ယာယီအနေဖြင့် တာဝန်ပေးဆောင်ရွက်ခဲ့ပြီး ကိုးကန့်ဒေသပြန်လည်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း။

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲဆောင်ရွက်ပြီးချိန်တွင် ဦးပယ်ဆောက်ချိန်အား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးကော်မတီဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခဲ့ကြောင်း၊ ဖုန်ကြားရှင်အဖွဲ့အနေဖြင့် ဆုတ်ခွာပြီးနောက်ပိုင်းတွင် အထူးဒေသ(၄) မိုင်းလား၌ သွားရောက်နေထိုင်ခဲ့ကြောင်း၊ နောက်ပိုင်းတွင် ကျန်းမာရေးမကောင်းမှုကြောင့် ၎င်းကိုစွဲဆိုထားသည့် အမှုများမှကင်းလွတ်ခွင့်ပေးရန် တောင်းဆိုခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးအတွက် အရှည်မျှော်တွေး၍ ဆောင်ရွက်ပေးခဲ့သော်လည်း လိုက်နာမှုမရှိဘဲ အခွင့်အရေးရသည်နှင့် အစိုးရကိုဆန့်ကျင်ရန်၊ ကိုးကန့်နယ်မြေအတွင်း အာဏာပြန်လည်တည်ဆောက်ရန်သာ အမြဲဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များတွင်လည်း ဦးဆောင်သူအနေဖြင့် ဖုန်ကြားရှင်၏သား ဖုန်တာရှင်မှ ဦးဆောင်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး လုပ်ငန်းများ ထိန်းသိမ်းဆောင်ရွက်

၎င်းအဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုများကိုဆောင်ရွက်ပြီး အဆိုပါ လုပ်ငန်းမှရရှိသည့် ဝင်ငွေဖြင့် အင်အားတောင့်တင်းရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၆ ခုနှစ် NLD အစိုးရမတက်မီအချိန်အထိ မိမိတို့အနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတွင်း မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် ၂၀၁၇ ခုနှစ်နောက်ပိုင်းတွင် လောက်ကိုင်ဒေသအတွင်း မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် ရောင်းဝယ်မှုများ များပြားလာသည့်အပြင် အခြားတရားမဝင်လုပ်ငန်းများလည်း ပါဝင်လာကြောင်း၊ အထူးသဖြင့် လောင်းကစားဝိုင်းကိစ္စများဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်မှုများတွင် တစ်ဖက်နိုင်ငံသားများက လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လာကြောင်း၊ ကိုဗစ် -၁၉ ဖြစ်ပွားချိန် နောက်ပိုင်းတွင် ၎င်းလောင်းကစားဝိုင်းများသည် အွန်လိုင်းလောင်းကစားမှုများအဖြစ် အသွင်ပြောင်း၍ ဆက်လက်ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဆွေးနွေးတင်ပြစဉ်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ဆွေးနွေးတင်ပြစဉ်။

ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှင်းလင်းတင်ပြစဉ်။

အဆိုပါအချိန်တွင် ဖုန်ကြားရှင်အဖွဲ့များက လောက်ကိုင်ဒေသအား အထူးဒေသ (၁) အဖြစ် ပြန်လည်အခြေချလည်ပတ်နိုင်ရေး တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြောင်း၊ ၎င်းတို့၏ ဩဇာကိုပြန်လည်တည်ဆောက်လိုခြင်းဖြစ်ကြောင်း၊ လောက်ကိုင်ဒေသတွင် ဖုန်အုပ်စုနှင့် ရန်အုပ်စုဟူ၍ရှိကြောင်း၊ ၁၉၉၈-၁၉၉၉ ခုနှစ်ဝန်းကျင်ခန့်တွင် ဖုန်/ရန် အရေးအခင်း ဖြစ်ပွားခဲ့ကြောင်း၊ ယင်းနောက်ပိုင်းဖြစ်ပွားခဲ့သည့် ဖုန်/ရန်အရေးအခင်းတွင် တိုက်ပွဲများဖြစ်ပွားခဲ့ပြီး ရန်မိုးလျံအုပ်စုကို ပြည်တွင်းဒေသအချို့တွင် နေရာချထားပေးခဲ့ကြောင်း၊ ၂၀၀၉ ခုနှစ်နောက်ပိုင်း ဦးပယ်ဆောက်ချိန်အုပ်စုအား တာဝန်ပေးအပ်ခဲ့ခြင်းအပေါ် ၎င်းတို့အနေဖြင့် ကျေနပ်မှုမရှိခဲ့ကြောင်း၊ ထို့ကြောင့် တိုက်ခိုက်မှုများလုပ်ဆောင်ရန်အတွက် ၎င်းတို့အနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ကြကြောင်း။

NCA လမ်းကြောင်းအတိုင်းသာ လျှောက်လှမ်းနေခြင်းဖြစ်

အဓိကအားဖြင့် မူဆယ်နှင့် ချင်းရွှေဟော်ဒေသသည် နယ်စပ်ကုန်သွယ်ရေးအတွက် အဓိကထားဆောင်ရွက်သည့်နေရာဒေသဖြစ်ကြောင်း၊ လောက်ကိုင်မြို့သည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့ဖြစ်ကြောင်း၊ MNDAA အဖွဲ့အနေဖြင့် ၎င်းတို့၏ ဩဇာအာဏာကို ပြန်လည်တည်ဆောက်ရန်အတွက် ယခုကဲ့သို့တိုက်ခိုက်မှုများကို လုပ်ဆောင်လာခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် တိုက်ခိုက်မှုများလုပ်ဆောင်ရန်အတွက် ၂၀၂၂ ခုနှစ်မှစတင်၍ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခဲ့သည်ကို သိရှိရကြောင်း၊ MNDAA အဖွဲ့အနေဖြင့် တိုက်ခိုက်မှုများ လုပ်ဆောင်ရန် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နိုင်ရေး ၎င်းတို့၏ မဟာမိတ်ပြုထားသော အဖွဲ့များနှင့် အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြောင်း၊ **ထိုကဲ့သို့ တိုက်ခိုက်မှုလုပ်ဆောင်ရန်ပြင်ဆင်နေခြင်းကို MNDAA အဖွဲ့၏မဟာမိတ်များနှင့် ယင်းတို့၏မိတ်ဆွေများအားလုံး သိရှိကြ**ကြောင်း၊ မိမိအနေဖြင့် NCA လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ဖိတ်ခေါ်ထားပြီး တပ်မတော်အနေဖြင့် NCA လမ်းကြောင်းအတိုင်းသာ လျှောက်လှမ်းနေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် **နိုင်ငံတော်တာဝန်များထမ်းဆောင်ချိန်တွင် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုနှင့် ဆူပူမှုများကို ဖြေရှင်းဆောင်ရွက်နေရခြင်းကြောင့် လောက်ကိုင်ဒေသကို အာရုံစိုက်မှုနည်းပါး**ခဲ့ကြောင်း၊ MNDAA သောင်းကျန်းသူများအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုမှရရှိသည့် အကျိုးအမြတ်များကို ခံစားလိုပြီး ၎င်းတို့၏အာဏာကို တည်ဆောက်လိုခြင်းကြောင့် ယခုဖြစ်စဉ်များ ဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း၊ လောက်ကိုင်ဒေသနှင့် ပတ်ဝန်းကျင်မှ

စာမျက်နှာ ၄ သို့

❖ **MNDAA အဖွဲ့အနေဖြင့် ၎င်းတို့၏ဩဇာအာဏာကို ပြန်လည်တည်ဆောက်ရန်အတွက် ယခုကဲ့သို့ တိုက်ခိုက်မှုများကို လုပ်ဆောင်လာခြင်းဖြစ်၊ ၎င်းတို့အနေဖြင့် တိုက်ခိုက်မှုများလုပ်ဆောင်ရန်အတွက် ၂၀၂၂ ခုနှစ်မှစတင်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည်ကိုသိရှိရ၊ MNDAA အဖွဲ့အနေဖြင့် တိုက်ခိုက်မှုများ လုပ်ဆောင်ရန် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်နိုင်ရေး ၎င်းတို့၏ မဟာမိတ်ပြုထားသောအဖွဲ့များနှင့် အကြိမ်ကြိမ်ဆွေးနွေးခဲ့၊ ထိုကဲ့သို့ တိုက်ခိုက်မှုလုပ်ဆောင်ရန် ပြင်ဆင်နေခြင်းကို MNDAA အဖွဲ့၏မဟာမိတ်များနှင့် ယင်းတို့၏မိတ်ဆွေများအားလုံး သိရှိကြ**

❖ **မိမိအနေဖြင့် NCA လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို ဖိတ်ခေါ်ထားပြီး တပ်မတော်အနေဖြင့် NCA လမ်းကြောင်းအတိုင်းသာ လျှောက်လှမ်းနေခြင်းဖြစ်**

❖ **MNDAA သောင်းကျန်းသူများအနေဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်မှုမှရရှိသည့် အကျိုးအမြတ်များကို ခံစားလိုပြီး ၎င်းတို့၏အာဏာကို တည်ဆောက်လိုခြင်းကြောင့် ယခုဖြစ်စဉ်များဖြစ်ပွားသည်ကို တွေ့ရှိရ၊ လောက်ကိုင်ဒေသနှင့် ပတ်ဝန်းကျင်မှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၀၆ ခုနှစ်မှစ၍ ကြီးမားသည့် မူးယစ်ဆေးဝါးဖြစ်စဉ် ၁၈ ခုရှိပြီး ဖမ်းဆီးရမိမှုအနေဖြင့် ၈၂ ကြိမ်၊ တရားခံပေါင်း ၁၄၀ ဦး၊ ကာလတန်ဖိုးငွေ ၇၁ ဒသမ ၅၉ ဘီလီယံဖိုး ဖမ်းဆီးရမိခဲ့**

❒ မူးယစ်ဆေးဝါးမှုရရှိသည့် အကျိုးအမြတ်များကို သိရှိခြင်းကြောင့် MNDAA အဖွဲ့အနေဖြင့် လောက်ကိုင်ဒေသကို ပြန်လည်ရရှိအောင် လုပ်ဆောင်နေခြင်းဖြစ်၊ ၂၀၂၂ ခုနှစ်အတွင်း ၎င်းဒေသ၌ အွန်လိုင်းငွေကြေးလိမ်လည်မှုများ များပြားလာခဲ့၊ အဆိုပါ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်နေသူများမှာ တစ်ဖက်နိုင်ငံသားများ ပိုင်ဆိုင်သည့် ဟိုတယ်လုပ်ငန်းများဖြစ်သည်ကို စိစစ်တွေ့ရှိရ၊ လောက်ကိုင်နှင့် ချင်းရွှေဟော်ဒေသတွင် ဟိုတယ် ၁၅၃ ခုရှိ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)၏ ခွင့်ပြုချက်ဖြင့်ဆောက်လုပ်ထားသော ဟိုတယ် ၁၂ လုံးသာရှိပြီး ကျန်ဟိုတယ် ၁၄၁ ခုမှာ လောက်ကိုင်ဒေသ အုပ်ချုပ်ရေးအဖွဲ့၏အစီအစဉ်ဖြင့် လုပ်ပိုင်ခွင့်မရှိဘဲ ဆောင်ရွက်ထားခြင်းဖြစ်၊ ၎င်းဟိုတယ်အများစုမှာ တစ်ဖက်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံဆောက်လုပ်ထားသည့် ဟိုတယ်များဖြစ်သည်ကိုတွေ့ရ၊ အများစုမှာ ၂၀၁၈ ခုနှစ်နောက်ပိုင်း၌ တည်ဆောက်ခဲ့ပြီး အဆင့်မြင့် ၁၂ ထပ်၊ ၁၃ ထပ် အဆောက်အဦများကိုပင် တစ်နှစ်အတွင်း အပြီးတည်ဆောက်ခဲ့သည်ကို တွေ့ရ၊ အဆိုပါဟိုတယ်များ၌ အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် အခြားတရားမဝင်လုပ်ငန်းများ ဆောင်ရွက်နေသည်ကို စိစစ်တွေ့ရှိရ

စာမျက်နှာ ၃ မှ

မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၀၆ ခုနှစ်မှစ၍ ကြီးမားသည့် မူးယစ်ဆေးဝါးဖြစ်စဉ် ၁၈ ခုရှိပြီး ဖမ်းဆီးရမိမှုအနေဖြင့် ၈၂ ကြိမ်၊ တရားခံပေါင်း ၁၄၀ ဦး၊ ကာလတန်ဖိုးငွေ ၇၁ ဒသမ ၅၉ ဘီလီယံဖိုး ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါ မူးယစ်ဆေးဝါးမှုရရှိသည့် အကျိုးအမြတ်များကို သိရှိခြင်းကြောင့် MNDAA အဖွဲ့အနေဖြင့် လောက်ကိုင်ဒေသကို ပြန်လည်ရရှိအောင် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း။

၂၀၂၂ ခုနှစ်အတွင်း ၎င်းဒေသ၌ အွန်လိုင်းငွေကြေးလိမ်လည်မှုများ များပြားလာခဲ့ကြောင်း၊ အဆိုပါ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်နေသူများမှာ တစ်ဖက်နိုင်ငံသားများ ပိုင်ဆိုင်သည့် ဟိုတယ်လုပ်ငန်းများဖြစ်သည်ကို စိစစ်တွေ့ရှိရကြောင်း၊ လောက်ကိုင်နှင့် ချင်းရွှေဟော်ဒေသတွင် ဟိုတယ် ၁၅၃ ခုရှိကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)၏ ခွင့်ပြုချက်ဖြင့်ဆောက်လုပ်ထားသော ဟိုတယ် ၁၂ လုံးသာရှိပြီး ကျန်ဟိုတယ် ၁၄၁ ခုမှာ လောက်ကိုင်ဒေသအုပ်ချုပ်ရေးအဖွဲ့၏ အစီအစဉ်ဖြင့် လုပ်ပိုင်ခွင့်မရှိဘဲ ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ၎င်းဟိုတယ်အများစုမှာ တစ်ဖက်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံ ဆောက်လုပ်ထားသည့် ဟိုတယ်များဖြစ်သည်ကိုတွေ့ရကြောင်း၊ အများစုမှာ ၂၀၁၈ ခုနှစ်နောက်ပိုင်း၌ တည်ဆောက်ခဲ့ပြီး အဆင့်မြင့် ၁၂ ထပ်၊ ၁၃ ထပ်အဆောက်အဦများကိုပင် တစ်နှစ်အတွင်း အပြီးတည်ဆောက်ခဲ့သည်ကို တွေ့ရကြောင်း၊ အဆိုပါဟိုတယ်များ၌ အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် အခြားတရားမဝင်လုပ်ငန်းများ ဆောင်ရွက်နေသည်ကို စိစစ်တွေ့ရှိရကြောင်း၊ အဆိုပါဟိုတယ်များအား စိစစ်ဖော်ထုတ်အရေးယူဆောင်ရွက်သည့်အချိန်တွင် တရုတ်နိုင်ငံသား ၇၃၉၅ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၈၉ ဦး၊ ထိုင်းနိုင်ငံသား ၁၆၂ ဦး၊ မလေးရှားနိုင်ငံသား ၃၂ ဦးနှင့် လာအိုနိုင်ငံသား ၂ ဦး စုစုပေါင်း ၇၇၈၀ ဦး ဖမ်းဆီးရမိခဲ့ပြီး အဆိုပါ ဖမ်းဆီးရမိသူများထဲမှ တရုတ်နိုင်ငံသား ၆၈၉၂ ဦးအား တရုတ်နိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ကြောင်း၊ ကျန်ရှိသူများကို စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဒေသအတွင်း အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်ခြင်းများမရှိစေရေး တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးနှင့် ဆွေးနွေးသဘောတူချက်အတိုင်း နှစ်နိုင်ငံ Task Force ဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

MNDAA အနေဖြင့် “ဝ” နယ်မြေအတွင်း၌ ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်ခဲ့ပြီး အဓိကအင်အားများကို အောက်တိုဘာ ၂၇ ရက်တွင် နမ့်တစ်တံတားမှ ချင်းရွှေဟော်သို့ ဖြတ်ဝင်၍ တိုက်ခိုက်ခဲ့ကြောင်း၊ အဆိုပါမနက်ပိုင်းတွင် နမ့်တစ်ချောင်းအားဖြတ်ကူး၍ ချင်းရွှေဟော်အား အလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း၊ လောက်ကိုင်ဒေသနှင့် ချင်းရွှေဟော်ဒေသရှိ လုံခြုံရေးစခန်းများမှာ စစ်ဆင်ရေးစခန်းများ မဟုတ်ဘဲ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် စခန်းများသာဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် Drone များ အသုံးပြု၍ Drop Bomb များ အများအပြားအသုံးပြုတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဖြစ်စဉ်တွင် MNDAA နှင့်အတူ KIA ၊ TNLA ၊ AA နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များပါဝင်ခဲ့သည်ကို တွေ့ရကြောင်း၊ အဓိကအနေဖြင့် MNDAA နှင့် TNLA အဖွဲ့မှ ဖြစ်ကြောင်း။

လိုအပ်သောပြန်လည်တုံ့ပြန်မှုများ ဆောင်ရွက်သွားမည်

၎င်းတို့အနေဖြင့်တစ်ဖက်မှ ချင်းရွှေဟော်အား တိုက်ခိုက်ပြီး တစ်ပြိုင်တည်းတွင် ကွမ်းလုံကို စိမ့်ဝင်လာသည့်အဖွဲ့များဖြင့် ထိုးဖောက်တိုက်ခိုက်ခဲ့ကြောင်း၊ TNLA ကလည်း သိန္နီကို ဆက်သွယ်ရေးလမ်းကြောင်းဖြတ်တောက်နိုင်အောင် တိုက်ခိုက်ခဲ့ကြောင်း၊ လားရှိုးမြို့ကိုလည်း နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း၊ နောင်ချိုအနီး မန္တလေး – လားရှိုး ဆက်သွယ်ရေးလမ်းကြောင်းပြတ်တောက်အောင် ပိတ်ဆို့တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ MNDAA မှ တိုက်ခိုက်လျက်ရှိချိန်တွင် KIA အနေဖြင့် ကချင်ပြည်နယ်အတွင်း ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ စခန်းငယ်တစ်ခုကို အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တုံ့ပြန်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ မိမိတို့အနေဖြင့် ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း၊ MNDAA အဖွဲ့အနေဖြင့်လည်း ထိခိုက်ကျဆုံးမှုများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လိုအပ်သော ပြန်လည်တုံ့ပြန်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ရှင်းလင်းတင်ပြစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရှင်းလင်းတင်ပြစဉ်။

မူဆယ်နှင့် ချင်းရွှေဟော်ဒေသသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နယ်စပ်ကုန်သွယ်ရေးတွင် အဓိကကျသည့် လမ်းကြောင်းဖြစ်သည်ကို MNDAA အနေဖြင့် သိရှိပြီးဖြစ်ကြောင်း၊ လာမည့် နိုဝင်ဘာ ၁၁ ရက်နေ့တွင် တရုတ်နိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်ခဲ့သော ကွမ်းလုံတံတားသစ်ဖွင့်လှစ်ရန်အတွက် စီစဉ်ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ အခြေအနေနှင့် အချိန်အခါ၌ MNDAA က ၎င်းဒေသကို တိုက်ခိုက်လာသည်မှာ များစွာသတိပြုသင့်သော အချက်ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးကို ထိခိုက်စေနိုင်ကြောင်း၊ ဖြစ်စဉ်တွင် မိမိတို့နိုင်ငံမှ ကျည်ဆန်များ တရုတ်နိုင်ငံအတွင်း ကျရောက်သည်ဟု ပြောဆိုမှုများကြောင့် နှစ်ဖက်တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နယ်စပ်ဒေသဖြစ်သဖြင့် စစ်ဆင်ရေးဆောင်ရွက်ရာတွင် အထူးပင် ကန့်သတ်ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ သို့သော် တစ်ဖက်အဖွဲ့အစည်းများအနေဖြင့် လက်လွတ်စပယ် လုပ်ဆောင်ခဲ့မှုနှင့် နှစ်နိုင်ငံအထင်အမြင်လွဲအောင် လုပ်ဆောင်နေမှုများရှိကြောင်း၊ သာမန်အရပ်သူ၊ အရပ်သားများ ထိခိုက်အောင် လုပ်ဆောင်နေမှုများ ရှိကြောင်း။

ပြည်သူများအနေဖြင့် တပ်မတော်၏ လိုအပ်ချက်များကို ပါဝင်ကူညီပေးမှုများရှိ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတွင် ဖြစ်စဉ်များ ဖြစ်ပွားနေချိန်အတွင်း ပွဲလန့်တုန်းဖျာခင်းသည့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့နေရာများတွင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်မှုများ လုပ်ဆောင်လာကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများနှင့်အတူ KIA နှင့် AA အဖွဲ့တို့လည်းပါဝင်သည်ကို တွေ့ရကြောင်း၊ တွေ့ရှိရသည့် အခြေအနေများကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အသိပေးတင်ပြခြင်းဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ဒေသဖြစ်စဉ်များတွင် MNDAA အဖွဲ့အနေဖြင့် Drone များကို အဓိကထားအသုံးပြု၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ Drone များမှာ တရုတ်နိုင်ငံထုတ်ကုန်ထုတ်လုပ်ငန်းသုံး Drone များဖြစ်ပြီး ဈေးကွက်တွင် လွယ်ကူစွာဝယ်ယူ၍ရနေကြောင်း၊ ဒေသခံများအနေဖြင့် ယခုဖြစ်စဉ်များ၌ ပါဝင်လိုသည့်စိတ် မရှိသည်ကိုတွေ့ရကြောင်း၊ သို့သော် အတင်းအဓမ္မအင်အား စုဆောင်းခြင်းများကြောင့် ပါဝင်ခဲ့ရသူများရှိကြောင်း၊ ပြည်သူ့စစ်အများစုအနေဖြင့် တပ်မတော်နှင့် လက်တွဲပူးပေါင်းဆောင်ရွက်နေကြောင်း၊ ယခုဖြစ်စဉ်များဖြစ်ပွားချိန်တွင် နယ်မြေခံပြည်သူလူထုအနေဖြင့် MNDAA အဖွဲ့သတင်းအား တပ်မတော်ထံပေးပို့မှုများရှိပြီး ထိထိရောက်ရောက် ပြန်လည်တုံ့ပြန်မှုများကို ဆောင်ရွက်နိုင်သည်ကို တွေ့ရကြောင်း၊ MNDAA အဖွဲ့အနေဖြင့် လောက်ကိုင်ဒေသတွင် အာဏာပြန်လည်တည်ဆောက်နိုင်ရေး၊ TNLA အဖွဲ့အနေဖြင့် ပလောင်ပြည်နယ်ရရှိရေး၊ ကိုးကန့်အနေဖြင့် ကိုးကန့်ပြည်နယ် ရရှိရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် လွန်ခဲ့သည့်ရက်များမှစ၍ တပ်မတော်၏ လိုအပ်ချက်များကို ပါဝင်ကူညီပေးမှုများရှိကြောင်း၊ ရန်ကုန်၊ မန္တလေး၊ တိုင်းစစ်ဌာနချုပ်များနှင့် ပြည်နယ်အစိုးရများရှိသည့် မြို့နယ်များတွင် ပြည်သူများမှ အလှူငွေများပေးအပ်လှူဒါန်းခြင်းနှင့် ရှေ့တန်းရောက်တပ်မတော်သားများအတွက် ပစ္စည်းများလှူဒါန်းခြင်းများကို ဆောင်ရွက်ပေးကြကြောင်း၊ အဆိုပါ လှူဒါန်းထားသည့်ပစ္စည်းများအား ရှေ့တန်းရောက်တပ်မတော်သားများထံ ရောက်ရှိရေး ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ပြင်ပမှပရဟိတအဖွဲ့များမှလည်း ချက်ပြုတ်၍ ရှေ့တန်းရောက် တပ်မတော်သားများထံ ပေးပို့နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ မထိခိုက်စေရေးအတွက် ပြည်သူလူထုနှင့် ပူးပေါင်း၍ လိုအပ်သည့် လက်တုံ့ပြန်မှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်တို့က နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုက်ပွဲရှောင်ပြည်သူများအား လူသားချင်းစာနာထောက်ထားမှုအကူအညီများ ထောက်ပံ့ပေးအပ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများ၏အခြေအနေ၊ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများ စုပေါင်း၍ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိအောင် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အထူးဖိတ်ကြားထားသူများက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ၊ *စာမျက်နှာ ၅ သို့*

စာမျက်နှာ ၄ မှ

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေတို့တွင် လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက တပ်စခန်းငယ်များ၊ ရဲစခန်းများ၊ မီးသတ် စခန်းများကို တိုက်ခိုက်ခဲ့မှု၊ အစိုးရအဆောက်အဦနှင့် လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း လုပ်ဆောင် ခဲ့မှု၊ စစ်ကိုင်းတိုင်းဒေသကြီးရှိ အချို့မြို့နယ်များတွင် NUG လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ကျေးရွာများတွင် ဆက်ကြေးကောက်ခံခြင်းနှင့် ပြည်သူလူထုအား ရက်စက်စွာ သတ်ဖြတ်ခြင်းများ လုပ်ဆောင်ခဲ့မှု၊ အကြမ်းဖက်သောင်းကျန်းသူများကို ပြည်သူနှင့်တပ်မတော်ပူးပေါင်း၍ ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်သွားရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး အမြန်ဆုံးပြန်လည်ရရှိအောင် ဆောင်ရွက်ရေးနှင့် ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ တိုက်ပွဲရှောင်ပြည်သူများအား ကူညီစောင့်ရှောက်ပေးနေမှု ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

❑ ယနေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဖြစ်ပွားနေသည့် ပြဿနာ၏အစမှာ မူးယစ်ဆေးဝါးပြဿနာပင်ဖြစ်၊ မူးယစ်ဆေးဝါးမှ ရရှိသောငွေများဖြင့် အာဏာရရှိရေးကို လက်နက်ကိုင်လမ်းစဉ်ဖြင့် အသက်ဆက်ခဲ့၊ ၎င်းလမ်းစဉ်ဖြင့် မူးယစ်ဆေးထုတ်လုပ်၊ သယ်ဆောင်ရောင်းချမှုကို ကာကွယ်ခဲ့၊ လောင်းကစားကဲ့သို့ တရားမဝင်လုပ်ငန်းများကိုလည်း လုပ်ဆောင်ခဲ့၊ ထို့ကြောင့် ပြဿနာ၏ အရင်းအမြစ်ဖြစ်သည့် မူးယစ်ဆေးဝါးအမြစ်ပြတ်နှိမ်နင်းရေးကို ထိထိရောက်ရောက် ဆောင်ရွက်သွားရမည်၊ ထိုသို့ဆောင်ရွက်နိုင်ရန် တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စွမ်းရည်မြင့်မားရေးကို ဆောင်ရွက်သွားရမည်ဖြစ်

မူးယစ်ဆေးဝါးအမြစ်ပြတ်နှိမ်နင်းရေးကို ထိထိရောက်ရောက် ဆောင်ရွက်သွားရမည်ဖြစ်

တင်ပြမှုများနှင့်စပ်လျဉ်း၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် အဓိကကျသည့် အချက် ၂ ချက်ကို ဦးစွာထောက်ပြလိုကြောင်း၊ မူးယစ်ဆေးဝါးနှိမ်နင်းရေးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စွမ်းရည်မြှင့်တင်ရေး ဖြစ်ကြောင်း၊ ယနေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဖြစ်ပွားနေသည့် ပြဿနာ၏အစမှာ မူးယစ်ဆေးဝါးပြဿနာပင်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးမှ ရရှိသောငွေများဖြင့် အာဏာရရှိရေးကို လက်နက်ကိုင်လမ်းစဉ်ဖြင့် အသက်ဆက်ခဲ့ကြောင်း၊ ၎င်းလမ်းစဉ်ဖြင့် မူးယစ်ဆေးထုတ်လုပ်၊ သယ်ဆောင်ရောင်းချမှုကို ကာကွယ်ခဲ့ကြောင်း၊ လောင်းကစားကဲ့သို့ တရားမဝင်လုပ်ငန်းများကိုလည်း လုပ်ဆောင်ခဲ့ကြောင်း၊ ထို့ကြောင့် ပြဿနာ၏ အရင်းအမြစ်ဖြစ်သည့် မူးယစ်ဆေးဝါးအမြစ်ပြတ်နှိမ်နင်းရေးကို ထိထိရောက်ရောက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ စွမ်းရည်မြင့်မားရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး ရဲတပ်ဖွဲ့နှင့် လက်နက်ကိုင်ရဲတပ်ဖွဲ့ဟူ၍ နှစ်မျိုးရှိကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသော်လည်း မိမိတို့နိုင်ငံ၏သမိုင်းကြောင်းအရ ပြည်တွင်းသောင်းကျန်းမှုများကို နှိမ်နင်းခဲ့ရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ယခုထက်စွမ်းရည်တိုးတက်မြင့်မားရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ချင်းရွှေဟော်ဒေသမှ တိမ်းရှောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများအား ပြန်လည်ခေါ်ဆောင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် တရုတ်-မြန်မာ နှစ်နိုင်ငံဆက်ဆံရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်ရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ပြောကြားသည်။

ယင်းနောက် ယာယီသမ္မတ ဦးမြင့်ဆွေက လက်ရှိဖြစ်ပွားနေသည့် နယ်စပ်ဒေသ သောင်းကျန်းသူများအရေးကိစ္စနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် ယခုကဲ့သို့ စွမ်းစွမ်းတမံ မဆောင်ရွက်ပါက တိုင်းပြည် အစိတ်စိတ် အမြွှာမြွှာကွဲသွားနိုင်ကြောင်း၊ ယခုကိစ္စသည် သေသေချာချာ စနစ်တကျ ကိုင်တွယ်သွားရန်လိုကြောင်း၊ ယခုကဲ့သို့ တိုင်းပြည်အတွက် အရေးကြီးသည့်ကာလတွင် တစ်နိုင်ငံလုံးက တပ်မတော်ကို ထောက်ခံအကူအညီပေးရန် လိုအပ်ကြောင်း၊ တပ်မတော်အနေဖြင့် အသက်စွန့်တာဝန်ထမ်းဆောင် ကာကွယ်နိုင်ခဲ့သည့်အတွက် ယခုကဲ့သို့ အတိုင်းအတာတစ်ခုအထိ တည်ငြိမ်မှုရရှိနေခြင်းဖြစ်ကြောင်း၊ ယနေ့ဆွေးနွေးတင်ပြချက်များကို မှတ်တမ်းတင်ပါကြောင်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား(ဒုတိယအကြိမ်) ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများထောက်ပံ့

နေပြည်တော် နိုဝင်ဘာ ၈

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ မိသားစုဝင်ကျောင်းသား ကျောင်းသူများအား (ဒုတိယအကြိမ်) ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၃- ၂၀၂၄ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများအား ကျောင်းသုံး ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကျိုက်မရောမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအားတွေ့ဆုံ၊ စားသောက်ဖွယ်ရာများထောက်ပံ့

နေပြည်တော် နိုဝင်ဘာ ၈

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်ရှိ နယ်မြေခံရဲတပ်ရင်းမှ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် တာဝန်ရှိသူများက အဆိုပါ ရဲတပ်ရင်း၌ သွားရောက်တွေ့ဆုံသည်။

ပေါင်းစပ်ညှိနှိုင်း

ထိုသို့ တွေ့ဆုံရာတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားပြီး ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၈

ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေး လုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နေ့လယ်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ခိုလမ်မြို့ရှိ တိုင်းစစ်ဌာနချုပ်၊ ဘက်စုံစိုက်ပျိုး၊ မွေးမြူရေးခြံများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူကျန်းမြို့တွင် ကျင်းပလျက်ရှိသည့် ကမ္ဘာ့အင်တာနက်ညီလာခံ(ဝူကျန်းထိပ်သီးအစည်းအဝေး)တွင် အမှာစကားပြောကြား

ဝူကျန်း နိုဝင်ဘာ ၈

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူကျန်းမြို့ convention center တွင် ကျင်းပသည့် ၂၀၂၃ ခုနှစ် ကမ္ဘာ့အင်တာနက် ညီလာခံ (ဝူကျန်းထိပ်သီးအစည်းအဝေး) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး မျက်နှာစုံညီ အစည်းအဝေးတွင် အမှာစကား ပြောကြားသည်။ **(ယာပုံ)**

အဆိုပါ ညီလာခံဖွင့်ပွဲ အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတရှီကျင့်ဖျင်က video message ပေးပို့ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ဝန်ကြီးအဆင့် ပုဂ္ဂိုလ်များ၊ သံတမန်များ၊ သတင်းအချက်အလက်နှင့် နည်းပညာနယ်ပယ်မှ ပညာရှင်ပေါင်း ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် မျက်နှာစုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ယနေ့ ကျင်းပပြုလုပ်သည့် ဝူကျန်းထိပ်သီးအစည်းအဝေးကို "အားလုံးအတွက် အကျိုးရှိပြီး ခံနိုင်ရည်ရှိသော ဒစ်ဂျစ်တယ်ကမ္ဘာတစ်ခု ဖန်တီးခြင်း- ဆိုက်ဘာဝန်းကျင်တွင် အတူတကွ မျှဝေခံစားသည့် လူမှုအသိုက်အဝန်း တစ်ခု တည်ဆောက်ခြင်း" ဆိုသည့် ဦးတည်ချက်ဖြင့် ကျင်းပပြုလုပ်လျက်ရှိကြောင်း၊ ယင်းဦးတည်ချက်သည် ယနေ့ဆိုက်ဘာနည်းပညာများ၏ တိုးတက်မှုနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရသည့် ခေတ်သစ်ကမ္ဘာကြီးနှင့် ဆိုက်ဘာဝန်းကျင်တစ်ခုလုံးကို အတူတကွပူးပေါင်း လုပ်ဆောင်ကြရန် မီးမောင်းထိုးပြနေသည်ဟု ထင်မြင်မိပါကြောင်း၊ ယခုညီလာခံကြီးကို ကျယ်ပြန့်သည့် အကြောင်းအရာစုံနှင့် ဖိုရမ်ခွဲပေါင်း ၂၀ ကို ကျင်းပပြုလုပ်သည့်အတွက် ဒစ်ဂျစ်တယ်ကမ္ဘာ တည်ဆောက်ရေးလုပ်ငန်းများအပေါ် အတွေးအမြင်စုံ၊ ရှုထောင့်စုံမှ အကြံပြုဆွေးနွေးကြရင်း ကောင်းမွန်သည့်အဖြေများ ဖော်ထုတ်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ အားလုံးအတွက် အကျိုးရှိသော ကြံ့ကြံ့ခံနိုင်စွမ်းရှိသည့် ဒစ်ဂျစ်တယ်ကမ္ဘာတစ်ခု ဖန်တီးဖော်ဆောင်ရာတွင် အစိတ်အပိုင်းများစွာ ဆက်စပ်ပါဝင်မည်ဖြစ်သကဲ့သို့ လူ့အဖွဲ့အစည်းများ၏ ချမ်းသာသုခနှင့်တိုးတက်မှုများကို ဖော်ဆောင်ရာတွင်လည်း လိုအပ်ချက်များစွာ ကြုံတွေ့ရမည်ဖြစ်ပါကြောင်း၊ ဒစ်ဂျစ်တယ်ကမ္ဘာသစ်ကို ဖန်တီးရယူရာတွင် ဆောင်ရွက်ရမည့် အခြေခံသဘောတရားများနှင့် မဟာဗျူဟာတချို့ကို မိမိအနေဖြင့် ကောက်နုတ်ဆွေးနွေး တင်ပြလိုပါကြောင်း၊ အထူးသဖြင့် ဒစ်ဂျစ်တယ်ကမ္ဘာကို လူတိုင်း ဝင်ရောက်ခွင့်(Access) အာမခံနိုင်ရမည်ဖြစ်ပြီး ဒစ်ဂျစ်တယ်သိနားလည်မှု (Digital Literacy) ကို တိုးမြှင့်ရေးနှင့် မသန်စွမ်းသူများ အသုံးပြုနိုင်မည့် နည်းပညာများကိုလည်း ဖန်တီးပေးကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဒစ်ဂျစ်တယ်ကမ္ဘာမှာ ပါဝင်လာမည့် လူတစ်ဦးချင်းစီတိုင်း အတွက် ဒစ်ဂျစ်တယ် ခြိမ်းခြောက်မှု (Digital Threats)များမှ အကာအကွယ်ပေးနိုင်မည့် ခိုင်မာအားကောင်းသော ဆိုက်ဘာလုံခြုံရေး အစီအမံတွေကိုလည်း ဦးစားပေးလုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ဆိုက်ဘာတိုက်ခိုက်မှုများ၊ သဘာဝဘေး အန္တရာယ်များကို ကြံ့ကြံ့ခံနိုင်သည့် ဒစ်ဂျစ်တယ် အခြေခံ အဆောက်အအုံများကိုလည်း တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုစေမည့် နည်းပညာများနှင့် အသုံးအဆောင် ပစ္စည်းများကို ဖန်တီးခြင်း၊ စွမ်းအင်ချွေတာသည့် Hardware များ တီထွင်ဖန်တီးခြင်းနှင့် အီလက်ထရောနစ်စွန့်ပစ်ပစ္စည်း e-waste များကို စနစ်တကျ စွန့်ပစ်ရေးအတွက် တာဝန်ခံမှုရှိခြင်း စသည့်အချက်များကို အားပေးမြှင့်တင်ပေးရန်လိုကြောင်း၊ အနာဂတ်ကို အတူတကွ မျှဝေခံစားကြရာမှာ မိမိတို့ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများအပြင် အပြန်အလှန် အသိအမှတ်ပြုခြင်းနှင့် လေးစားခြင်းတို့ကိုလည်း တန်ဖိုးထားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ တစ်နိုင်ငံ၏ သတင်းအချက်အလက်များ (Data) အကာအကွယ်ပေးရေးနှင့် နယ်စပ်ဖြတ်ကျော် သတင်းအချက်အလက် စီးဆင်းမှုများ စနစ်တကျ ရှိစေရေးအတွက် သတင်း အချက်အလက်များကို တာဝန်ရှိစွာ အသုံးပြုမှု responsible use of data များကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ ယနေ့ ကျင်းပသည့် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ဖိုရမ်ခွဲများမှတစ်ဆင့် မိမိတို့အားလုံး အတူတကွ မျှဝေခံစားကြမည့် ဆိုက်ဘာဝန်းကျင် အနာဂတ်အတွက် အခြေခံကောင်းများနှင့် ရှေ့ဆက်ရမည့် လုပ်ငန်းစဉ်များကို အောင်မြင်စွာ ချမှတ်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဝူကျန်းထိပ်သီး အစည်းအဝေးသည် World Internet Conference (WIC)၏ (၁၀) နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေးဖြစ်ပြီး တရုတ်နိုင်ငံ ယန်ဇီမြစ်၏ တောင်ဘက်တွင် တည်ရှိသော လှပသည့် ရှေးဟောင်းမြို့ ဝူကျန်းမြို့တွင် ၂၀၁၄ ခုနှစ်မှစ၍ ကျင်းပလေ့ရှိသည်။ ယခု အစည်းအဝေးသို့ နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော် တက်ရောက်လျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ အင်တာနက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ အကြံဉာဏ်များ၊ အတွေ့အကြုံများကို မျှဝေဆွေးနွေးလျက်ရှိသည်။

သတင်းစဉ်

မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း ပျဉ်းမနားမြို့နယ်၌ ဒုတိယနေ့ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို ယနေ့တွင် ဒုတိယနေ့အဖြစ် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်ထောင်စု နယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးအောင်စိုးဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြပြီး မဲဆန္ဒရှင် ပြည်သူများက လက်တွေ့ စမ်းသပ်မဲပေးခဲ့ကြရာ မဲပေးစက်၏ ထိန်းချုပ်စက် (Control Unit) ကို မဲဆန္ဒရှင်များ ကိုယ်တိုင် ကိုင်တွယ်ဆောင်ရွက်ခြင်း၊ မဲပေးစက်မှထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန် မမှန် စိစစ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် စမ်းသပ်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်များအနေဖြင့် အချိန်တိုအတွင်း မဲပေးစက်ကို နည်းစနစ်တကျ ကိုင်တွယ် ဆောင်ရွက်နိုင်ခဲ့ကာ မဲပေးရာတွင်လည်း လွယ်ကူရှင်းလင်းစွာ မဲပေးနိုင်ခြင်း၊ မဲရလဒ်များသည်လည်း မှန်ကန်တိကျမှုရှိခြင်း၊ ပယ်မဲ မရှိတော့ခြင်း၊ မဲမသမာမှု မပြုလုပ်နိုင်ခြင်း၊ ပွင့်လင်းမြင်သာမှု ရှိခြင်းတို့ကို လက်တွေ့သိရှိခဲ့ရသည့်အတွက် မဲပေးစက်အပေါ် ယုံကြည်သဘောကျ နှစ်ခြိုက်မှုရှိစွာဖြင့် မဲပေးဆောင်ရွက်ကြသည်။

အခမ်းအနားများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး ပါတီတို့မှ ကိုယ်စားလှယ်များ၊ ရန်အောင်(၂)ရပ်ကွက်၊ ရွှေချီရပ်ကွက်၊ ကျီးအင်းကျေးရွာအုပ်စု၊ သကြားစက်ကျေးရွာအုပ်စု၊ ဆင်သေကျေးရွာအုပ်စုနှင့် ကျွန်းဦးကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၈

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ မိုင်းယန်းမြို့နှင့် တီးတိန်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီနှင့် ပူတာအိုမြို့နှင့် လွိုင်လင်မြို့တို့တွင် ၁၁ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ မုဒုံမြို့တွင် ၁ ဒသမ ၁၅ လက်မ၊ ကော့ကရိတ်မြို့နှင့် မြဝတီမြို့တို့တွင် ၀ ဒသမ ၇၉ လက်မစီ၊ သထုံမြို့တွင် ၀ ဒသမ ၇၁ လက်မနှင့် ထားဝယ်မြို့တွင် ၀ ဒသမ ၅၅ လက်မတို့ ဖြစ်ကြသည်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ အစည်းအဝေးကျင်းပ

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ်တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း စုစုပေါင်း ၁၃၈၉ ကျောင်း ဖွင့်လှစ်ထားရှိ

နေပြည်တော် နိုဝင်ဘာ ၈

ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာ ဗိမာန်တော် ဆွမ်းစားကျောင်းဆောင်၌ ကျင်းပသည်။

အစည်းအဝေးသို့ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသံဝရာဘိဝံသ ၊ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာစာရ၊ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်၊ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါယမ နှင့် တိုင်းဒေသကြီး/ ပြည်နယ် ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ ဆရာတော်များ ကြွရောက်တော်မူကြပြီး ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို)ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူး ချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဆွေးနွေးလျှောက်ထားစဉ်။

ရှေးဦးစွာ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသံဝရာဘိဝံသက ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့အနေဖြင့် ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး အရှည်ခန့်၍ တည်တံ့အောင်သော်လည်းကောင်း၊ ဗုဒ္ဓဘာသာဝင်လူငယ်များကို ဘာသာရေး၌ သိရှိနားလည်စေရန်လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့က သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းဥပဒေများကို တိတိကျကျလိုက်နာ၍ ဆောင်ရွက်ဖွယ်ကိစ္စမှန်သမျှ မလစ်ဟင်းရလေအောင်သော်လည်းကောင်း၊ တာဝန်ရှိရှိ တာဝန်သိသိဖြင့် ဆောင်ရွက်ဖွယ်ကိစ္စမှန်သမျှ ကိုယ့်သဘောဆန္ဒအတိုင်း မဟုတ်မူ၍ အများသဘောတူ ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းဥပဒေများကို မျက်ကွယ်ပြု၍ ဆောင်ရွက်မှုမျိုး မဖြစ်ရလေအောင်သော် လည်းကောင်း၊ သတိသမ္ပဇဉ် ဉာဏ်ယှဉ်ဖြင့် ဆောင်ရွက်ကြစေလိုပါကြောင်း ဩဝါဒကထာမြွက်ကြားသည်။

ပညာသင်ကြားပေး

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းကျောင်း ၇၁၉ ကျောင်း၊ မူလတန်းလွန်ကျောင်း ၅၇၄ ကျောင်း၊ အလယ်တန်းကျောင်း ၉၄ ကျောင်းနှင့် တွဲဖက် အထက်တန်းကျောင်း နှစ် ကျောင်း စုစုပေါင်း ၁၃၈၉ ကျောင်း ဖွင့်လှစ်ထားရှိပြီး မူလတန်း ကျောင်းသား ၂၇၆၂၅၀၊ မူလတန်းလွန် ကျောင်းသား ၄၁၅၆၄ ဦး၊ အလယ်တန်း ကျောင်းသား ၁၉၀၃၉ ဦး၊ အထက်တန်းကျောင်းသား ၂၃၁၉ ဦး စုစုပေါင်းကျောင်းသား ၃၃၉၁၇၂ ဦးတို့ကို မူလတန်းပြ ဆရာ ဆရာမ ၅၈၇၉ ဦး၊ မူလတန်းလွန်ပြ ဆရာ ဆရာမ ၈၈၀၊ အလယ်တန်းပြ ဆရာ ဆရာမ ၄၁၈ ဦး၊ အထက်တန်းပြ ဆရာ ဆရာမ ၅၄ ဦး စုစုပေါင်း ၇၂၃၁ဦး တို့ဖြင့် ပညာသင်ကြားပေးလျက်ရှိကြောင်း။

ဘုန်းတော်ကြီးသင်ပညာရေး ကျောင်း ဆရာ ဆရာမ ထောက်ပံ့ငွေများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစတင်၍ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယခုအခါတွင် မူလတန်းပြ ဆရာတစ်ဦးလျှင် ငွေကျပ် ၅၇၀၀၀၊ မူလတန်းလွန် နှင့် အလယ်တန်းပြဆရာတစ်ဦး လျှင် ၆၄၅၀၀၊ အထက်တန်းပြ ဆရာတစ်ဦးလျှင် ၇၀၅၀၀ နှုန်းဖြင့် ထောက်ပံ့လှူဒါန်းပေးလျက် ရှိပါကြောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ရေရှည်တည်တံ့စေရေးအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးတော်မူပါရန် လျှောက်ထားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အခြေခံပညာသင်ကြားရေး မူဝါဒနှင့်အညီ ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြလျှောက်ထားပြီး ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးက အခြေခံပညာသင်ကြားရေး မူဝါဒ နှင့် အညီ ဘုန်းတော်ကြီးသင်ပညာ ရေးကျောင်းများနှင့် ပတ်သက်သည့် ညှိနှိုင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ကျောင်းထွက် လက်မှတ်(TC)နှင့် စပ်လျဉ်း၍ တွေ့ရှိချက်များ၊ Garde–5 နှင့် Grade–9 စာစစ်ဌာန ဖွင့်လှစ်မှုနှင့် စပ်လျဉ်း၍ တွေ့ရှိချက်များ၊ ပညာ ရေးဥပဒေ၊ မူဝါဒများအရ အခြေခံ ပညာဦးစီးဌာနက ဆောင်ရွက်မည့် လုပ်ငန်းများကို ဆွေးနွေး လျှောက်ထားသည်။

ဆက်လက်၍ ဘုန်းတော်ကြီး ကျောင်းပညာသင်ကြားမှု (ဗဟို) ကြီးကြပ်ရေးအဖွဲ့ ဆရာတော် များက တွဲဖက်သင်ကြားမှုကိစ္စ များ၊ ကျောင်းထွက်လက်မှတ်(TC) ထုတ်ပေးခြင်း၊ Garde–5 နှင့် Garde–9 စာမေးပွဲများ ဖြေဆိုခြင်း ရှုထောင့် ၆ ရပ်ပါ အခြေခံပညာ ကျောင်းများ ကြီးကြပ်အကဲဖြတ် မှတ်တမ်းများနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးကြသည်။

ထို့နောက် ကြွရောက်တော်မူ လာကြသည့် (ဗဟို)ကြီးကြပ်ရေး အဖွဲ့ဝင်၊ တိုင်းဒေသကြီး/ပြည်နယ် ဘုန်းတော်ကြီးကျောင်း ပညာ သင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ ဆရာတော်များ၏ ဆွေးနွေး လျှောက်ထားမှုများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၏ ဆွေးနွေး လျှောက်ထားချက်များ အပေါ် ဆုံးဖြတ်ချက်ချမှတ်ကြသည်။

ဩဝါဒကထာမြွက်ကြား

ယင်းနောက် ဘုန်းတော်ကြီး ကျောင်း ပညာသင်ကြားမှု(ဗဟို) ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တသံဝရာ ဘိဝံသက နိဂုံးချုပ် ဩဝါဒကထာ မြွက်ကြားသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်း များ ဆက်ကပ်လှူဒါန်းကြ သည်။

သတင်းစဉ်

ဟိုပုံးမြို့နယ်တွင် (၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်း

ဟိုပုံး နိုဝင်ဘာ ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် (၃၅) နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံးမှ ဝန်ထမ်းမိသားစုများက နိုဝင်ဘာ ၈ ရက် နံနက် ၁၀ နာရီက ပင့်သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် ဇနီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဒေသအဆင့်ဌာနဆိုင်ရာများက ဆရာတော် သံဃာတော်များအား ဩကာသကန်တော့ချီးဖြင့် ရှိခိုးကန်တော့၍ ဆရာတော် သံဃာတော်များထံမှ ငါးပါးသီလနှင့် ပရိတ်တရားတော်များ ခံယူဆောက်တည်ကြသည်။ ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်ထူးမောင်တို့က ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီးနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်ဇနီး၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်ထူးမောင်နှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် နိုဝင်ဘာ ၇ရက်က (၃၅)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ဗလာမပါ ကံစမ်းမဲများ ဖောက်၍ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရေနံ့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ Mr. SHATIROV Alexander Sergeevich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့ နေပြည်တော်ကောင်စီ၊ ပဲခူး၊ မကွေး၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးများ၌ ပူးပေါင်းဆောင်ရွက်မည့် သဘာဝမြေသြဇာစက်ရုံ တည်ဆောက်ရန် မြေနေရာကိစ္စ၊ ရင်းနှီးမြှုပ်နှံမှုကိစ္စ စီစဉ်ဆောင်ရွက်ပေးရန်နှင့် ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အပြန်အလှန် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း လုပ်ငန်းစီမံကိန်းစီမံခန့်ခွဲမှုနှင့်ပတ်သက်သည့် အသိပညာမျှဝေခြင်းအခမ်းအနား တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၈

လုပ်ငန်းစီမံကိန်း စီမံခန့်ခွဲမှုနှင့် ပတ်သက်သည့် အသိပညာမျှဝေခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းများနှင့် ဖိတ်ကြားထားသည့် MSME လုပ်ငန်းရှင်များ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုသင်တန်းကို ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ဆောက်လုပ်ရေး၊ အိုင်တီ၊ ဈေးကွက်ချဲ့ထွင်မှု၊ ကျန်းမာရေး စောင့်ရှောက်မှု၊ ငွေကြေးနှင့် အခြားအရာများ အပါအဝင် လုပ်ငန်းနယ်ပယ်အသီးသီး၌ လုပ်ငန်းစီမံကိန်း စီမံခန့်ခွဲမှုကိစ္စရပ်ကို အသုံးချဆောင်ရွက်တတ်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းသို့ တက်ရောက်လာသည့် MSME လုပ်ငန်းရှင်များနှင့် အရာထမ်း သင်တန်းသားများအနေဖြင့် လုပ်ငန်းစီမံကိန်းစီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်နှင့် ပတ်သက်သည့် အကြောင်းအရာများကို သေချာစွာလေ့လာပြီး မိမိတို့၏လုပ်ငန်းခွင်များတွင် စနစ်တကျ ပြန်လည်အသုံးပြုသွားရန် လိုကြောင်း၊ နိုင်ငံတော်၏ ဦးစားပေးမူဝါဒအရ ဆောင်ရွက်မည့် စီးပွားရေးကဏ္ဍများကို စီမံခန့်ခွဲမှုစွမ်းရည်ဖြင့် ပံ့ပိုးဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးများက လုပ်ငန်းစီမံကိန်းတွင် ပါဝင်သည့် ကန့်သတ်ချက်များကို ဟန်ချက်ညီအောင် ဆောင်ရွက်ရမည့် အချက်များ၊ လုပ်ငန်းစီမံကိန်း စီမံခန့်ခွဲမှုနည်းစနစ်များ၊ အဖွဲ့အစည်းဆိုင်ရာလုပ်ငန်းစီမံကိန်း စီမံခန့်ခွဲမှု၊ လုပ်ငန်းစီမံကိန်းနှင့် ပတ်သက်သည့် ဆက်စပ်မှုများ၊ အတတ်ပညာနှင့်ပတ်သက်သည့် ကျင့်ဝတ်များ၊ပေါင်းစပ်စီမံခန့်ခွဲမှု၊ နယ်ပယ်စီမံခန့်ခွဲမှု၊ အချိန်၊ ကုန်ကျစရိတ်နှင့် စွန့်စားမှုစီမံခန့်ခွဲမှုတို့ကို ဆွေးနွေးပို့ချကြပြီး တက်ရောက်လာကြသော အရာထမ်းများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ချင်းပြည်နယ်ဝန်ကြီးချုပ် ချင်းပြည်နယ်မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

ဟားခါး နိုဝင်ဘာ ၈

ချင်းပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာလုပ်ငန်းညှိနှိုင်း (၂/၂၀၂၃) အစည်းအဝေးကို နိုဝင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီခွဲက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်ဝန်ကြီးချုပ်ရုံးခန်းမဆောင်၌ ကျင်းပရာ ချင်းပြည်နယ်မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ချင်းပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကော်မတီဒုတိယဥက္ကဋ္ဌပြည်နယ်လူမှုရေးရာဝန်ကြီး ဦးကျော်စိုးဝင်းနှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ချင်းပြည်နယ် မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ ကော်မတီအနေဖြင့် ရေရှည်တွင် မပြတ်မနေဆောင်ရွက်ရန် လိုအပ်သည့် အရေးကြီးပြီး အရေးပါသည့် လုပ်ငန်းစဉ်များကို စိစစ်ရွေးချယ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မသန်စွမ်းမှု အမျိုးအစားအလိုက် မသန်စွမ်းသူ လူဦးရေစာရင်းနှင့် မသန်စွမ်းဖြစ်ရခြင်း အကြောင်းရင်းများကိုပါ အသေးစိတ်သိရှိမည်ဆိုပါက လေ့ကျင့်ပေးမှုဖြင့် တိုးတက်နိုင်ပြီး မိမိခြေထောက်ပေါ် မိမိပြန်လည်ရပ်တည်နိုင်မည့်အုပ်စုကို ရွေးထုတ်ခြင်း စသည့်မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။ **(အောက်ဝဲပုံ)**

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဦးသူရထွေးတို့က ယခင် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ကလေးသူငယ်များအား သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

ရန်ကုန် နိုဝင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ ကလေးသူငယ်များအား သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးအသိပညာပေး (Kaeru Caravan) ဆောင်ရွက်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက (၃၅)ရပ်ကွက်ရှိ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း တော်ဝင်သဇင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွန်းအောင်က သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက မီးသတ်တပ်ဖွဲ့ဝင်များသာမက လူကြီး၊ ကလေးသူငယ်များကပါ ပါဝင်ကူညီဆောင်ရွက်နိုင်စေရန် အသိပညာပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။ ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်မှုများဆောင်ရွက်နိုင်ရန် သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြင့်မြင့်ရီ(ပြန်/ဆက်)

❍ *ကျော့ဖုံးမှ*

အက်သလက်တီကို မက်ဒရစ်နှင့် စကော့တလန်ကလပ် ဆဲလ်တစ်အသင်းပွဲစဉ်တွင် အက်သလက်တီကို မက်ဒရစ်အသင်းက ခြေစွမ်းပြပြီး ခြောက်ဂိုးပြတ် အနိုင်ရရှိခဲ့သည်။ အက်သလက်တီကို မက်ဒရစ်အသင်းအတွက် သွင်းဂိုးများကို ဂရစ်ဇ်မန်း၊ မိုရာတာ၊ လီနိုနှင့် နီဂွက်ဇ်တို့က သွင်းယူပေးခဲ့သည်။

မန်စီးတီးအသင်းနှင့် ဆွစ်ဇာလန်ကလပ် ယန်းဘွိုင်းစ်အသင်းပွဲစဉ်တွင် မန်စီးတီးအသင်းက သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ မန်စီးတီးအသင်းအတွက် သွင်းဂိုးများကို ဟာလန်းနှင့် ဖိုဒင်တို့က သွင်းယူပေးခဲ့သည်။

ဒေါ့မွန်နှင့် နယူးကာဆယ် အသင်းပွဲစဉ်တွင် ဒေါ့မွန်အသင်းက နှစ်ဂိုးပြတ်နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက် အားကောင်းလာခဲ့ပြီဖြစ်သည်။ ဒေါ့မွန်အသင်းအတွက် သွင်းဂိုးများကို ဖူးလ်ခရက်ဂ်နှင့် ဘရန့်ဒ်တို့က သွင်းယူပေးခဲ့သည်။

အေစီမီလန်နှင့် ပီအက်စ်ဂျီအသင်းပွဲစဉ်တွင် အေစီမီလန်အသင်းက နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အေစီမီလန်အသင်းအတွက် သွင်းဂိုးများကို လီယိုနှင့် ဂျီရုဒ်တို့က သွင်းယူပေးပြီး ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးကို စကျာနီယာက သွင်းယူပေးခဲ့သည်။

ယူကရိန်းကလပ် ရှက်တာဒိုးနက်နှင့် ဘာစီလိုနာအသင်းပွဲစဉ်တွင် ရှက်တာဒိုးနက်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး တစ်လုံးတည်းသော အနိုင်ဂိုးကို စီကန်က သွင်းယူပေးခဲ့သည်။

အခြားသော ပွဲစဉ်ရလဒ်များတွင် လိုက်ပ်ဇစ်က ဇဗက်ဒါကို နှစ်ဂိုး – တစ်ဂိုး၊ ပေါ်တိုက အန့်ဝပ်ကို နှစ်ဂိုး–ဂိုး မရှိ၊ လာဇီယိုက ဖီယင်နုကို တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သည်။

အောင်ဇော်

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့မှ Mr. SHATIROV Alexander Sergeevich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် အဆင့်မြင့်နည်းပညာအသုံးပြု၍ ဘူမိဗေဒမြေပုံရေးဆွဲခြင်း၊ ဓာတ်သတ္တု ရှာဖွေစမ်းသပ်ခြင်းနှင့် ဓာတ်သတ္တုဆိုင်ရာအချက်အလက်များ စုစည်းသုံးသပ်ခြင်းကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

မော်တော်ယာဉ်အာမခံပေါ်လစီအသစ်ကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စတင်ကျင့်သုံး

နေပြည်တော် နိုဝင်ဘာ ၈

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့၏ (၃၄)ကြိမ်မြောက် (ပုံမှန်) အစည်းအဝေး (၄/၂၀၂၃) ကို ယမန်နေ့မွန်းလွဲ ၃ နာရီခွဲတွင် ရုံးအမှတ် (၃၄) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေး၌ အာမခံလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အနေဖြင့် ပုံမှန်အစည်းအဝေးများကျင်းပ၍ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အာမခံကုမ္ပဏီများမှတင်ပြသည့် အာမခံအမျိုးအစားသစ်များ လုပ်ကိုင်ခွင့်ပြုပေးလျက်ရှိကြောင်း၊ အာမခံကျွမ်းကျင် ပညာရှင်များနှင့် ပူးပေါင်းပြီး မြန်မာနိုင်ငံအာမခံအသင်းက ပြင်ဆင်ရေးဆွဲထားသည့် မော်တော်ယာဉ်အာမခံပေါ်လစီအသစ်ကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စတင်ကျင့်သုံးရန် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့အနေဖြင့် ခွင့်ပြုခဲ့ပြီး New Motor Policy Launching Ceremony ကို ဈေးကွက်တွင် စတင်ရောင်းချနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်သည့် အာမခံအမျိုးအစားသစ်များကို ထပ်မံခွင့်ပြုရေး ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် အတွင်းရေးမှူးက ယခင်အစည်းအဝေး (၃/၂၀၂၃) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ယခုအစည်းအဝေးတွင် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ ဆွေးနွေးဆုံးဖြတ်ရမည့် အသက်အာမခံ အမျိုးအစားသစ်များနှင့် အထွေထွေအာမခံ အမျိုးအစားသစ်ဖြစ်သည့် Electric Vehicle (EV) ယာဉ်များအတွက် အာမခံပေါ်လစီ အပိုအကာအကွယ် ပရီမီယံနှုန်းသတ်မှတ်ခွင့်ပြုပေးနိုင်ရေးကိစ္စ၊ ကော်ပိုရိတ်အသက်နှင့် အထွေထွေအာမခံ ကိုယ်စားလှယ် လုပ်ကိုင်ခွင့်ပြုနိုင်ရေးကိစ္စ၊ ဌာနတွင်းအာမခံ ကိုယ်စားလှယ် သင်တန်းကျောင်းများ ဖွင့်လှစ်ခွင့်ပြုနိုင်ရေးကိစ္စများကိုတင်ပြခဲ့ရာ တက်ရောက်လာကြသည့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆွေးနွေးအတည်ပြုကြသည်။

ထို့နောက် အာမခံကုမ္ပဏီများမှ Certifying Actuary နှင့် Chief Operating Officer ခန့်ထားခြင်းကိစ္စ၊ အာမခံကိုယ်စားလှယ် လုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးခွင့်ပြုရေးကိစ္စ၊ အာမခံကုမ္ပဏီများမှ ကုမ္ပဏီရုံးခွဲသစ် ဖွင့်လှစ်ခြင်းနှင့် Marketing Counter ပြန်လည် ပိတ်သိမ်းလိုခြင်းကိစ္စတို့ကိုတင်ပြရာ အဖွဲ့ဝင်များက မှတ်တမ်းတင် အတည်ပြုကြသည်။

ယင်းနောက် ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ၏ အာမခံဈေးကွက်တွင် ရာနှုန်းပြည့် နိုင်ငံခြားသားပိုင် အသက်အာမခံကုမ္ပဏီ ငါးခု၊ ဖက်စပ်အသက်အာမခံကုမ္ပဏီ သုံးခု၊ နိုင်ငံသားပိုင်အသက် အာမခံကုမ္ပဏီ ကိုးခု၊ ဖက်စပ်အထွေထွေ အာမခံကုမ္ပဏီ သုံးခု၊ နိုင်ငံသားပိုင်အထွေထွေ အာမခံကုမ္ပဏီ ခြောက်ခုနှင့် မြန်မာ့အာမခံလုပ်ငန်း အပါအဝင် အာမခံကုမ္ပဏီ ၂၇ ခုမှ အာမခံဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပုဂ္ဂလိကအာမခံကုမ္ပဏီများမှ အာမခံအမျိုးအစား ၄၆ မျိုးကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်မျိုးစုံ အထည် ၁၂၀၀၊ Hyundai မော်တော်ယာဉ်ဘေးတံခါး သုံးခု၊ Santoor ဆပ်ပြာခွက် ၇၃၄၄ ခု၊ Roble Zayco ပါပလာခြောက် ၂၂၅၀ ကီလိုဂရမ်၊ Betnovate-Gm Cream အရေပြားလိမ်းဆေးဘူး ၆၄၀၀၊ Bolt ၇၅၀ ကီလိုဂရမ်၊ Fruit Juice ဖျော်ရည်အဆီ ပုလင်း၂၄၀၊ K.DYNARY ဆပ်ပြာဘူး ၁၉၂၀၊ Brand ၄က်သိုက်ဘူး ၁၉၂၀၊ Beatess Candy ချိုချဉ် ၁၅၇၅ ဘူး၊ စောင် (Blanket) ၁၇၀ ကီလိုဂရမ်၊ Diclofenac Sodium & Paracetamol Tablets ဆေးဝါး ၂၄၄၈ ဘူး၊ ယာဉ်အပိုပစ္စည်းဖြစ်သည့် Major Gas Ket အခု ၃၀ နှင့် Vatika ခေါင်းလျှော်ရည်တွဲ ၆၀၈ ဖာ အပါအဝင် ကုန်ပစ္စည်း ၁၁၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၂၉၃၀၈၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck နှစ်စီးနှင့် စက်မှုဇုန်ထုတ် NIDI Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၂၉၃၀၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၇ ဒသမ ၇၁၄ တန်နှင့် သစ်မာ ၂ ဒသမ၂၉၉ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၆၄၅၆၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့ နတ်လူထိပ်ပန်ရပ်ကွက်၌ တရားမဝင် စက်သုံးဆီဒီဇယ်ဆီ(ချက်ဆီ) ဂါလန် ၁၆၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၆၄၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ မုံရွာမြို့ အလုံရပ်ကွက် မုံရွာ-ဘုတလင် ကားလမ်းမကြီးအနီး၌ လိုင်စင်မဲ့ Toyota Noah မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၆၄၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၇ ရက်တွင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ကမော့ကစင်ကျေးရွာအနီး၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်ပန်းသီး ၂၁၆၀ ကီလိုဂရမ်၊ လိမ္မော်သီး ၂၁၇၅၀ ကီလိုဂရမ်၊ လေချိုသီး ၄၈၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Condor Truck တစ်စီး၊ Nissan Diesel Truck တစ်စီးနှင့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့ အမှတ်(၂) ရပ်ကွက်အတွင်းရှိ ဂိုဒေါင်များနှင့် စတိုးဆိုင်များ၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုဇွန်နှစ်ကောင် စားဆီနှစ်လီတာပါဘူး ၃၀၀ နှင့် တစ်လီတာပါဘူး ၇၈၀၊ Brand ၄က်သိုက် ၃၈၄ ပုလင်း၊ Dynamite လိမ္မော်ချိုချဉ်ခုနစ်ထုပ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၆၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၄၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၇ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးမြို့နယ် မြို့အဝင်စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၅ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၁ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၈၁၉၉၃၆၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

❑ *ကျောဖုံးမှ*

ရလဒ်ကောင်းပြီး AFC Cup မှာ ရလဒ်ဆိုးနေတဲ့ အကြောင်းရင်းက ပြိုင်ဘက်အသင်း ခြေစွမ်းကွာဟမှုကြောင့် ဖြစ်ပါတယ်။ AFC Cup ပြိုင်ပွဲဝင်အသင်းတွေမှာ နိုင်ငံခြားသားကစားသမားများ ပါဝင်ပြီး ခြေစွမ်းကလည်း တကယ်ကောင်းမွန်ပါတယ်။ နောက်တစ်ဆင့်တက်ဖို့ အခွင့်အရေးနည်းပေမယ့် နိုင်ငံအတွက် ကလပ်အသင်းအတွက် အနိုင်ရဖို့ ကြိုးစားမှာပါ” ဟု ပြောကြားခဲ့သည်။ ဆီဘူးအသင်း နည်းပြချုပ် ဂျိုရှုအာက “ဖိလစ်ပိုင်မြေမှာ ကစားခဲ့တဲ့ ပထမအကျော့လိုမျိုး အခုပွဲမှာလည်းအကောင်းဆုံးရလဒ် ထွက်ပေါ်အောင်ကြိုးစားမှာပါ။ ရှမ်းယူနိုက်တက်ကို ပထမအကျော့နိုင်ခဲ့တဲ့ နိုင်ပွဲက အာရှအဆင့်မှာ ပထမဆုံးနိုင်ပွဲဖြစ်လို့ ကျေနပ်ပါတယ်။ ဒါပေမယ့် ရှမ်းယူနိုက်တက်ကို ခက်ခက်ခဲခဲ ကစားခဲ့ရတာဖြစ်ပါတယ်” ဟု ပြောကြားခဲ့သည်။

မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် ဖိလစ်ပိုင်ကလပ် ဆီဘူးအသင်းနှင့် အိမ်ကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ AFC Cup ပြိုင်ပွဲ အာဆီယံဇုန်တွင် အုပ်စုသုံးခုပါဝင်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက် အသင်းသည် အုပ်စု (F) တွင် ဖနွမ်းပင်ခရောင်း (ကမ္ဘောဒီးယား)၊ မက်ကာသာ (ဩစတြေးလျ)၊ ဆီဘူး (ဖိလစ်ပိုင်) တို့နှင့် ကျရောက်နေသည်။ ပြိုင်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရသုံးသင်းအနက် အကောင်းဆုံးတစ်သင်းသာ ဇုန်ဆီမီးဖိုင်နယ် တက်ရောက်ခွင့် ရမည်ဖြစ်ရာ ပထမအကျော့တွင် နိုင်ပွဲမရသေးသည့် ရှမ်းယူနိုက်တက်အသင်း အနေဖြင့် မဖြစ်မနေအနိုင်ရရန် လိုအပ်နေခြင်းဖြစ်သည်။ ပထမအကျော့အပြီးတွင် အုပ်စု (F) ၌ ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်းက ကိုးမှတ်၊ ဩစတြေးလျကလပ် မက်ကာသာအသင်းက ခြောက်မှတ်၊ ဖိလစ်ပိုင်ကလပ် ဆီဘူးအသင်းက သုံးမှတ်ရထားပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ သုံးပွဲစလုံးအရေးနိမ့်ကာ အမှတ်မရသေးပေ။ ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့ အဝေးကွင်းပွဲတွင် ဆီဘူးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။ **ရဲရင့်လွင် ၊ ဓာတ်ပုံ-SUFC**

သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းများ ပေါ်ထွန်းလာစေရေး

— — — — ကျော်နိုင်ဦး (ပတ်ဝန်းကျင်) — — — —

ယနေ့ (၂၁) ရာစုခေတ်လူငယ်တွေဟာ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာနဲ့အတွေးအခေါ်တွေ၊ ဖြစ်ပေါ်တိုးတက်မှုတွေ၊ အခက်အခဲနဲ့ စိန်ခေါ်မှုတွေကို စူးစမ်းလေ့လာလိုစိတ်၊ သိရှိနားလည်သင်ယူလိုစိတ်၊ ထိန်းသိမ်းစောင့်ရှောက်လိုစိတ်တွေ များစွာရှိလာနေကြပြီ ဖြစ်ပါတယ်။

သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းများ (Clean and Green Schools) နဲ့ စိမ်းလန်းသောကျောင်းပညာရေးအစီအစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဟာ ပညာရေးကဏ္ဍမှာ တိုးတက်ပြောင်းလဲမှုတွေကို မလွဲမသွေ တွေ့မြင်ခံစားနိုင်မှာ ဖြစ်ပါတယ်။ အခြေခံပညာရေးစနစ်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေးမှုတွေ လုပ်ဆောင်ရင်း ကျယ်ပြန့်တဲ့ ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုတွေ လုပ်ဆောင်နိုင်ပါက ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် များစွာအထောက်အပံ့ဖြစ်စေမှာ ဖြစ်ပါတယ်။

နိုင်ငံတကာရှိ Eco School များ

၁၉၈၁ ခုနှစ်က စတင်ဖွဲ့စည်းတည်ထောင်ခဲ့တဲ့ ကမ္ဘာ့အကြီးဆုံး ပတ်ဝန်းကျင်ဆိုင်ရာပညာရေးအဖွဲ့ဖြစ်တဲ့ Foundation for Environmental Education (FEE) က Eco Schools တွေကို စတင်မိတ်ဆက်ခဲ့တာဖြစ်ပြီး ၁၉၉၂ ခုနှစ်က ရီယိုဒီဂျနေးရိုးမြို့မှာ ကျင်းပခဲ့တဲ့ ကုလသမဂ္ဂပတ်ဝန်းကျင်နှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာညီလာခံရဲ့ ဆွေးနွေးချက်အချို့အပေါ်အခြေခံပြီး Eco Schools တွေ စတင်ပေါ်ပေါက်လာခဲ့တာ ဖြစ်ပါတယ်။ ဒိန်းမတ်နိုင်ငံမှာ Eco Schools အစီအစဉ်တွေကို ၁၉၉၄ ခုနှစ်က စတင်ခဲ့ပါတယ်။ နိုင်ငံတကာမှာ အမည်အမျိုးမျိုးပေးထားကြသော်လည်း အများစုကတော့ Green Schools လို့ လက်ခံသတ်မှတ်ထားကြပါတယ်။ မြန်မာနိုင်ငံမှာ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ (Clean and Green Schools) လို့ ခေါ်ဆိုကြပါတယ်။ အိုင်ယာလန်နိုင်ငံမှာဆိုရင် စိမ်းလန်းသော ကျောင်းပညာရေးအစီအစဉ်ကို ၁၉၉၇ ခုနှစ်ကတည်းက စတင်မိတ်ဆက်ခဲ့ပြီး Green School ပေါင်း ၃၀၀၀ ကျော် မှတ်ပုံတင်ဖွင့်လှစ်ထားရှိကာ စာသင်ကျောင်းအားလုံးရဲ့ ၇၀ ရာခိုင်နှုန်းဟာ စိမ်းလန်းသောကျောင်းများအဖြစ် ရပ်တည်နေကြပြီဖြစ်ပါတယ်။ အဲဒီနိုင်ငံမှာ စိမ်းလန်းသောအလံဆု (Green Flag) ကို ကျောင်းပေါင်း ၁၄၀၀ သို့ ပေးအပ်ချီးမြှင့်နိုင်ခဲ့ပြီး ကမ္ဘာပေါ်မှာ အအောင်မြင်ဆုံးဆောင်ရွက်မှုလို့ ဆိုရမှာဖြစ်ပါတယ်။ ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း ၆၈ နိုင်ငံ၌ Eco School ကျောင်းပေါင်း ၅၉၀၀၀ ရှိနေပြီ ဖြစ်ပါတယ်။ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်တဲ့ ပညာရေးစနစ်ရရှိဖို့ အထောက်အပံ့ပေးတဲ့ အစီအစဉ်တစ်ခုအနေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်နေကြတာဖြစ်ပါတယ်။

နိုင်ငံတကာတွင် စိမ်းလန်းသော ကျောင်းများအတွက် အထောက်အပံ့ပေးမှုများ

စီးပွားရေးလုပ်ငန်းတွေ၊ ကုမ္ပဏီကြီးတွေ၊ နိုင်ငံခြားက ရင်းနှီးမြှုပ်နှံလာတဲ့ ကုမ္ပဏီတွေက စိမ်းလန်းသောကျောင်းတွေအတွက် လှူဒါန်းငွေတွေ ထည့်ဝင်ပံ့ပိုးခြင်း၊ စာချုပ်ချုပ်ဆိုပြီး တစ်နှစ်စာ ရန်ပုံငွေတာဝန်ယူပေးခြင်းစတာတွေကို နိုင်ငံတကာမှာ ကျင့်သုံးလုပ်ဆောင်နေကြပြီ ဖြစ်ပါတယ်။ ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေးအဖွဲ့များက စိမ်းလန်းသောကျောင်းတွေအတွက် အသုံးပြုတဲ့ သယ်ယူပို့ဆောင်ရေးကဏ္ဍကို ထောက်ပံ့ပေးတာမျိုးလည်း တွေ့ရှိလာပါတယ်။ စိမ်းလန်းသောကျောင်းတွေမှာ ပို့ချမယ့်သင်ခန်းစာ

နေပြည်တော်အတွင်း သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းဆု ယှဉ်ပြိုင်လျှောက်ထားသည့် ကျောင်းများတွင် ပတ်ဝန်းကျင်ဆိုင်ရာအခြေခံဘာသာရပ် သင်ကြားပို့ချနိုင်ရေး ပတ်ဝန်းကျင်ဆိုင်ရာ အခြေခံဘာသာရပ် ဆရာကိုင်လက်စွဲစာအုပ်များ ပေးအပ်စဉ်။

- **ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း ၆၈ နိုင်ငံ၌ Eco School ကျောင်းပေါင်း ၅၉၀၀၀ ရှိနေပြီ ဖြစ်ပါတယ်။ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်တဲ့ ပညာရေးစနစ်ရရှိဖို့ အထောက်အပံ့ပေးတဲ့ အစီအစဉ်တစ်ခုအနေနဲ့ အကောင်အထည်ဖော် ဆောင်ရွက်နေကြတာဖြစ်ပါတယ်**
- **Clean and Green School တွေ အောင်မြင်စွာဖော်ဆောင်နိုင်ပါက အနာဂတ်ရဲ့ခေါင်းဆောင်တွေဖြစ်တဲ့ မျိုးဆက်သစ်ကျောင်းသားလူငယ်တွေ အနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အလေ့အထကောင်းတွေ၊ အတွေးအမြင်တွေ စိမ့်ဝင်ပျံ့နှံ့လာမှာဖြစ်ပြီး ပတ်ဝန်းကျင်စိမ်းလန်းသန့်ရှင်းသာယာလှပရေးအတွက် များစွာအထောက်အကူပြုနိုင်မှာဖြစ်**

အကြောင်းအရာတွေကို အကြံပေးထောက်ပံ့ပေးတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အေဂျင်စီတွေလည်း များစွာတွေ့ရှိ လာရပါတယ်။ အစိုးရမဟုတ်သောအဖွဲ့အစည်းတွေကလည်း ၎င်းတို့တည်ထောင်ထားတဲ့ ရန်ပုံငွေများစွာထဲမှ စိမ်းလန်းသောကျောင်းရဲ့ ကျောင်းလှုပ်ရှားမှုတွေ ဆောင်ရွက်နိုင်ဖို့ ရန်ပုံငွေတွေ ခွဲဝေထောက်ပံ့ပေးလျက်ရှိကြပါတယ်။

မြန်မာနိုင်ငံ C&G School များ၏အစ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနဲ့ ဆွစ်ဇာလန်နိုင်ငံအခြေစိုက် Pestalozzi Children’s Foundation (PCF) တို့ ပူးပေါင်းပြီး ၂၀၁၈ ခုနှစ် မေ ၂ ရက်က နေပြည်တော် သင်္ဂဟဟိုတယ်မှာ National Inception Workshop on Development of Eco School Guideline in Myanmar ခေါင်းစဉ်နဲ့ အလုပ်ရုံဆွေးနွေးပွဲ တစ်ရပ် ကျင်းပခဲ့ပါတယ်။ ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၂ ရက်မှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းတွေကို ရေရှည်ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်နိုင်ဖို့အတွက် အခြေခံလုပ်ငန်းအဖြစ် အခြေခံပညာကျောင်းတွေမှာ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းတွေ ဖော်ဆောင်ဖို့ ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါတယ်။ ရည်ရွယ်ချက်တွေကတော့ အခြေခံပညာကျောင်းတွေမှာ ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာဗဟုသုတတွေနဲ့ လှုပ်ရှားမှုတွေ ပိုမိုမြှင့်တင်နိုင်ဖို့၊ သန့်ရှင်းတဲ့ပတ်ဝန်းကျင်မှာ ဆရာ ဆရာမတွေနဲ့ ကျောင်းသား ကျောင်းသူတွေ ကျန်းမာစွာ ပညာသင်ယူပို့ချနိုင်ဖို့၊ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းတွေ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးလုပ်ငန်းတွေအပေါ် အထောက်အပံ့ဖြစ်စေဖို့၊ အစိုးရဌာနတွေ၊ ပုဂ္ဂလိကနဲ့ လူမှုအဖွဲ့အစည်းတွေအကြား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်မှုနဲ့ အလေ့အကျင့်ကောင်းတွေကို ရေရှည်ဆောင်ရွက်သွားနိုင်မယ့် Platform တစ်ခု ပျိုးထောင်ပေးနိုင်ဖို့၊ Clean and Green School Award ဆုတွေ ပေးအပ်ချီးမြှင့်ပြီး အခြေခံပညာကျောင်းတွေဟာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ညီညွတ်တဲ့ကျောင်းများအဖြစ် အသွင်ပြောင်းရပ်တည်လာစေဖို့၊ အနာဂတ်လူငယ်တွေအတွက် ပတ်ဝန်းကျင်ဆိုင်ရာ အလေ့အထကောင်းတွေ၊ အတွေးအမြင်တွေ စိမ့်ဝင်ပျံ့နှံ့လာပြီး ပတ်ဝန်းကျင် စိမ်းလန်းသန့်ရှင်း သာယာလှပရေးအတွက် အထောက်အကူပြုနိုင်ဖို့စတာတွေပဲ ဖြစ်ပါတယ်။

သန့်ရှင်း၍စိမ်းလန်းစိုပြည်သော ကျောင်းအင်္ဂါရပ်များ

သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းတွေမှာ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေမှုရှိပြီး ဆိုးကျိုးမဖြစ်ပေါ်စေတဲ့ အလေ့အကျင့်ကောင်းတွေ ရှိဖို့လိုအပ်ပါတယ်။ စွန့်ပစ်အမှိုက်တွေကို ခွဲခြားစွန့်ပစ်တဲ့စနစ်လည်း ရှိရမှာဖြစ်ပါတယ်။ ရေ၊ မီး အစရှိတဲ့ စွမ်းအင်တွေကို ချွေတာသုံးစွဲပြီး ထိရောက်စွာ အသုံးပြုတတ်ဖို့လည်း အရေးကြီးပါတယ်။ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အလေ့အကျင့်ကောင်းတွေ စီစဉ်ဆောင်ရွက်ထားနိုင်ရမှာ ဖြစ်ပါတယ်။ အမျိုးအစားစုံလင်တဲ့ သစ်ပင်၊ ပန်းပင်၊ သီးပင်စားပင်တွေနဲ့ စိမ်းလန်းစိုပြည်ပြီး သန့်ရှင်းတဲ့ ပတ်ဝန်းကျင်တစ်ခု ဖြစ်ပေါ်လာစေဖို့ စီမံထားရှိဖို့လည်း လိုပါတယ်။ ကျောင်းဝင်းနဲ့ စာသင်ခန်းတွေအားလုံးဟာ အမှိုက်သရိုက်ကင်းစင်ရှင်းလင်းနေရမှာ ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေက ဒေသနဲ့ လိုက်လျောညီထွေရှိတဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တီထွင်ဆန်းသစ်မှုတွေ ပြုလုပ်တတ်ဖို့လည်းလိုပါတယ်။ ရပ်ရွာပြည်သူလူထုကို ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ရမှာ ဖြစ်ပါတယ်။ ကျောင်းအခြေပြုပတ်ဝန်းကျင်ဆိုင်ရာ လှုပ်ရှားမှုတွေမှာ ကျောင်းသားမိဘတွေနဲ့ ရပ်ရွာလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိကြရမှာ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ကိုအကျိုးပြုတဲ့ အလေ့အကျင့်ကောင်းတွေ ပိုမိုဖြစ်ထွန်းလာစေဖို့ အခြေခံပညာကျောင်းတွေအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ကြဖို့လည်း လိုအပ်ပါတယ်။ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းတွေဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းတွေ လုပ်ဆောင်ကြတဲ့အခါ ရပ်ရွာအခြေပြုအဖွဲ့အစည်းတွေ၊ အစိုးရဌာနအဖွဲ့အစည်းတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ ပူးပေါင်းပါဝင်လာနိုင်အောင် စီစဉ်ထားရှိရမှာ ဖြစ်ပါတယ်။

သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆုများ ပေးအပ်ခြင်း

မြန်မာနိုင်ငံတစ်ဝန်းမှာ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ပေါ်ထွန်းလာစေဖို့ ရည်ရွယ်ချက်နဲ့ အမျိုးသားအဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု (National Clean and Green School Award) ချီးမြှင့်ခြင်းအစီအစဉ်နဲ့ တိုင်းဒေသကြီး/ပြည်နယ်အဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု(State/Regional National Clean and Green School Award)ချီးမြှင့်ခြင်းအစီအစဉ်တွေကို ၂၀၁၉ ခုနှစ်ကစပြီး နှစ်စဉ် ဇွန်လ ၅ ရက်နေ့မှာ ကျရောက်တဲ့ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွေမှာ ထည့်သွင်းပေးအပ်ချီးမြှင့်လျက်ရှိပါတယ်။ အမျိုးသားအဆင့် ဆုရရှိတဲ့ကျောင်းတွေအနေနဲ့ အာဆီယံမှာ လေးနှစ်တစ်ကြိမ် ကျင်းပပြုလုပ်လျက်ရှိတဲ့ ASEAN Eco Schools Award ရရှိဖို့အတွက် ဆက်လက်ယှဉ်ပြိုင်ကြရမှာ ဖြစ်ပါတယ်။

အခြေခံစံနှုန်းနှင့် အညွှန်းကိန်းများ

ASEAN Guidelines on Eco Schools ကို အခြေခံကာ မြန်မာနိုင်ငံမှာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပညာရေးဝန်ကြီးဌာနနဲ့ PCF အဖွဲ့တို့ ပူးပေါင်းပြီး သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများဆိုင်ရာ အခြေခံစံနှုန်းလေးခုနဲ့ အညွှန်းကိန်း ၁၇ ခု သတ်မှတ်ထားရှိခဲ့ပြီး ဖြစ်ပါတယ်။ သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းဆုယှဉ်ပြိုင်လျှောက်ထားတဲ့ အခြေခံပညာကျောင်းတွေအနေနဲ့ အဲဒီအခြေခံစံနှုန်းနဲ့ အညွှန်းကိန်းပါ လိုက်နာရမယ့်အချက်တွေကို ပြီးပြည့်စုံအောင် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်းရှိ အခြေခံပညာကျောင်းအားလုံးဟာ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းတွေအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေဖို့ နှစ်စဉ်အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပြီး Clean and Green School Award ဆုတွေ ပေးအပ်ချီးမြှင့်ပေးခြင်းအားဖြင့်လည်း အခြေခံပညာကျောင်းတွေဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ညီညွတ်သောကျောင်းတွေအဖြစ် အသွင်ပြောင်းရပ်တည်လာနိုင်မှာ အသေအချာပဲ ဖြစ်ပါတယ်။ Clean and Green School တွေ အောင်မြင်စွာဖော်ဆောင်နိုင်ပါက အနာဂတ်ရဲ့ ခေါင်းဆောင်တွေဖြစ်တဲ့ မျိုးဆက်သစ် ကျောင်းသားလူငယ်တွေအနေနဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အလေ့အထကောင်းတွေ၊ အတွေးအမြင်တွေ စိမ့်ဝင်ပျံ့နှံ့လာမှာဖြစ်ပြီး ပတ်ဝန်းကျင်စိမ်းလန်းသန့်ရှင်းသာယာလှပရေးအတွက် များစွာအထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုကျောင်းတွေ ဆက်လက်ပေါ်ထွန်းလာစေဖို့ အစိုးရဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနဲ့ ပြည်သူလူထုက အခြေခံပညာ ကျောင်းတွေနဲ့အတူ ဝိုင်းဝန်းလက်တွဲဆောင်ရွက်ပေးကြဖို့ တိုက်တွန်းရေးသား တင်ပြအပ်ပါတယ်။ ။

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများတွင် ဝန်ထမ်းများအားလုံး ကျရာကဏ္ဍမှကြိုးပမ်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၈

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကို၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကရင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကရင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ (ယာပုံ)

ခြိုးခြံချွေတာရေးမူများ ဂရုပြု

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများသည် မိမိတို့ရာထူးအဆင့်နှင့်လျော်ညီစွာ အရည်အသွေးပြည့်ဝပြီး စွမ်းဆောင်ရည် မြင့်မားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်ဘတ်ဂျက် ရန်ပုံငွေများကိုလည်း ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျမှန်ကန်စွာသုံးစွဲရေး၊ အလေအလွင့်၊ ဆုံးရှုံးမှုနှင့် မသမာမှုများမရှိစေရေးနှင့် နိုင်ငံတော်၏ ခြိုးခြံချွေတာရေးမူများကိုလည်း အထူးအလေးဂရုပြု လိုက်နာဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် ဝန်ထမ်းများသည် တိုင်းရင်းသားလူမျိုးများရေးရာ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်မှပြဋ္ဌာန်းထားရှိသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပီပီပြင်ပြင်နှင့် စနစ်တကျမှန်ကန်စွာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့် အညီ ဝန်ထမ်းများပီပီ နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆) ချက်၊ ကျင့်ဝတ်အပါး ၃၀ ကိုလည်း လိုက်နာစောင့်ထိန်းတတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ နိဂုံးချုပ်အနေဖြင့် ဒို့တာဝန်အရေး (၃) ပါးကို မထိခိုက်စေဘဲ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံလျက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ် တို့နှင့်အညီ နိုင်ငံသူ နိုင်ငံသားများ အားလုံးတို့မှ မျှော်လင့်တောင့်တနေသည့် တိုင်းပြည်သာယာဝပြောရေးကို ဖြစ်ပေါ်လာစေမည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းများတွင် ဝန်ထမ်းများအားလုံးက မိမိတို့ကျရာကဏ္ဍမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်တို့က ဝန်ထမ်းများ၏ တင်ပြချက်များနှင့် ဌာနဆိုင်ရာလုပ်ငန်း လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီး၏ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံများ စိုက်ပျိုးသွားမည်

နေပြည်တော် နိုဝင်ဘာ ၈

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် ဆီထွက်သီးနှံ နေကြာ၊ နှမ်း၊ မြေပဲလျာထားဧက ပြည့်မီစွာစိုက်ပျိုးနိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိစေရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဧည့်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအားလုံးနှင့် ဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ပြည်တွင်းစားရေရိက္ခာဖူလုံရေးနှင့် ပို့ကုန်တိုးမြှင့်ရေး၊ ပြောင်းလဲသက်ရောက်လျက်ရှိသည့် ရာသီဥတုနှင့် အယ်လ်နီညိုဖြစ်စဉ်များကြောင့် ဆန်စပါးအပါအဝင် သီးနှံစုံ၏ စိုက်ပျိုးထုတ်လုပ်မှု ထိခိုက်မှုမဖြစ်ပေါ်စေရေး၊ တိရစ္ဆာန်သောက်သုံးရေမပြတ်လပ်စေရေး၊ လုပ်ငန်းစာရင်းဇယားများ မှန်ကန်ရေး အလေးထားဆောင် ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဦးစီးဌာနအလိုက် တိုင်းဒေသကြီး ဦးစီးမှူးများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်း ဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက လုပ်ငန်းဆိုင်ရာလိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆည်တော်ကြီး ရေသောက်စနစ်၊ မန္တလေး တူးမြောင်းမကြီး ပေတိုင် (၁၇၅၄၀၀) အိုင်ကြီး CDC အနီး မြောင်းပေါင် ကျိုးပေါက်မှု၊ ယာယီပြုပြင် ပြီးစီးမှုအခြေအနေများနှင့် ပြည်ကြီးတံခွန်မြို့နယ် မန္တလေး စက်မှုဇုန် (၁) ရှိ ဓူဝံဆီစက်၏ မြေပဲဆီသန့် အဆင့်ဆင့်ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် တံတားဦးမြို့ရှိ အမှတ်(၂၃) စက်မှုလယ်ယာစခန်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ကြည့်ရှုစစ်ဆေးပြီး စက်မှုလယ်ယာဦးစီးဌာန တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လယ်ယာဝန်ဆောင်မှုအသင်းများ ဖွဲ့စည်းနိုင်ရေး၊ ရိတ်သိမ်းခြွေလှေ့စက်များ ရွှေ့ပြောင်းရာတွင် အဆင်ပြေချောမွေ့စေရန်နှင့် ရိတ်သိမ်းခြွေလှေ့ခြင်း လုပ်ငန်းများတွင် ကြုံတွေ့နေရသည့် အခက်အခဲများအပေါ် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဆီစက်လုပ်ငန်း ချေးငွေစိစစ်ကြီးကြပ်ရေးနှင့် စောင့်ကြည့်လေ့လာသုံးသပ်ရေးအဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၈

ဆီစက်လုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ချေးငွေ စိစစ်ကြီးကြပ်ရေးနှင့် စောင့်ကြည့်လေ့လာသုံးသပ်ရေးအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အဖွဲ့ခေါင်းဆောင်၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်က ချေးငွေရယူထားသော ဆီစက်လုပ်ငန်းရှင်များက ချေးငွေကို ဆီစက်လုပ်ငန်းတွင် အမှန်တကယ်အသုံးချမှု ရှိ/မရှိ၊ ဆီစက်လည်ပတ်မှု ရှိ/မရှိ တို့ကို ကွင်းဆင်းစစ်ဆေးရာ၌ အမှန်တကယ်အသုံးချပြီး လည်ပတ်မှုရှိသည်ကို တွေ့ရှိရသည့်အတွက် ချေးငွေများ ပြန်လည်ပေးဆပ်နိုင်မည်ဟု သုံးသပ်ရရှိကြောင်း၊ ချေးငွေရယူထားပြီးသော ဆီစက်လုပ်ငန်းရှင်များအတွက် လုပ်ငန်းအသုံးချမှု အစီရင်ခံစာများ ရေးဆွဲနိုင်ရေးနှင့်အဖွဲ့၏ နှစ်လတ်အစီရင်ခံစာ (Mid-term Report) နှင့် အပြီးသတ်အစီရင်ခံစာ (Final Report) များအတွက် အချက်အလက်များ ကြိုတင်ပြုစုထားရန်လိုကြောင်း၊ ထုတ်လုပ်မှုအပိုင်းတွင် မြေပြင်အခြေအနေမှန်နှင့် ဒေသအလိုက်လည်ပတ်မှု အခြေအနေများ သိရှိနိုင်ရေးနှင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဖွဲ့စည်းထားသည့် အဖွဲ့များအနေဖြင့်လည်း လုပ်ငန်းရှင်များအား ဆက်လက်ကူညီနိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးရန် ဖြစ်ကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး အဖွဲ့ခေါင်းဆောင်၊ အမြဲတမ်းအတွင်းဝန်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပင်လောင်းမြို့၌ အခြေခံပညာကျောင်းသား အားကစားပွဲတော်အတွက် မြို့နယ်အဆင့် အားကစားသမားရွေးချယ်ပွဲပြုလုပ်

ပင်လောင်း နိုဝင်ဘာ ၈

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ အသက် (၁၈) နှစ်အောက် အမျိုးသား၊အမျိုးသမီး အားကစားပွဲတော် ခရိုင်အဆင့် ဝင်ရောက် အရွေးခံနိုင်ရေးအတွက် ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ မြို့နယ်အဆင့် အားကစားသမားများ လူရွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့အားကစားကွင်း၌ ပြုလုပ်သည်။

ပါဝင်ယှဉ်ပြိုင်ပွဲမည့် အားကစားနည်းများမှာ ဘောလုံးပြိုင်ပွဲ အမျိုးသား/အမျိုးသမီး၊ ဘော်လီဘောပြိုင်ပွဲ အမျိုးသား/အမျိုးသမီး၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသား၊ ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသား/အမျိုးသမီး၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ အမျိုးသား/အမျိုးသမီး ပြိုင်ပွဲများအတွက် အခြေခံပညာကျောင်းများမှ အသက် (၁၈) နှစ်အောက် ကျောင်းသား ကျောင်းသူများ လာရောက်ယှဉ်ပြိုင်အရွေးခံကြကြောင်း၊ ပြိုင်ပွဲအသီးသီးများမှ ထူးချွန်အားကစားသမားများကို ရွေးချယ်ပြီး ခရိုင်အဆင့်မြို့နယ်ပေါင်းစုံပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန
ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်များ၏ B.Tech ဘွဲ့သင်တန်းများအားလုံးကို ၂၃-၁၁-၂၀၂၃ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ကျောင်းအပ်နှံခြင်းကို ၁၆-၁၁-၂၀၂၃ ရက်နေ့မှ စတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

ကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများအားလုံးကို ၂၃-၁၁-၂၀၂၃ ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ကျောင်းအပ်နှံခြင်းကို ၁၆-၁၁-၂၀၂၃ ရက်နေ့မှ စတင်၍ လက်ခံဆောင်ရွက်မည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

ငပလီကမ်းခြေအပြင် မြောက်ဦး၊ စစ်တွေ၊ ကျောက်ဖြူနှင့် မာန်အောင်ကျွန်းတို့တွင် ဆောင်းဦးပွဲတော်များ ဆက်တိုက်ကျင်းပမည်

စစ်တွေ နိုဝင်ဘာ ၈

ရခိုင်ပြည်နယ်၌ ငပလီကမ်းခြေခရီးစဉ်ဒေသနှင့် မြောက်ဦးယဉ်ကျေးမှုခရီးစဉ်ဒေသတို့သည် အဓိက ခရီးစဉ်ဒေသကြီးနှစ်ခုဖြစ်သည့်အပြင် ဂွကမ်းခြေ၊ ကျောက်ဖြူကမ်းခြေနှင့် မာန်အောင်ကျွန်းများမှာလည်း အလားအလာကောင်းသည့် ခရီးစဉ်ဒေသများဖြစ်သည့်အတွက် ခရီးသွားရာသီ စတင်ခြင်း အထိမ်းအမှတ် ဆောင်းဦးပွဲတော်များ ဆက်တိုက်ကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆောင်းဦးပွဲတော် ၂၀၂၃ ကျင်းပရေးအခမ်းအနား အောင်မြင်စွာကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၇ ရက်က ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)

ဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့်လည်း ပြည်တွင်းခရီးသွားများအား အခြေခံပြီး ခရီးစဉ်ဒေသကို ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာရန် ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်ကို အဓိက အထင်ကရ ခရီးစဉ်များ၏ ကောင်းသတင်းကို ခရီးသွားဧည့်သည်များမှတစ်ဆင့် ကမ္ဘာအရပ်ရပ်ကို ပျံ့နှံ့စေရန် ရခိုင်ပြည်နယ် ပုံရိပ်နှင့် ဂုဏ်သိက္ခာကို မြှင့်တင်ဆောင်ရွက်ပေးရန်နှင့် ခရီးသွား လုပ်ငန်းများကို ဌာနဆိုင်ရာများကလည်း အတူညီညာလက်တွဲကူညီဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်က ဆောင်းဦးပွဲတော်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ဆောင်းဦးပွဲတော်ကျင်းပမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်များ စုပေါင်းပြီး စုပေါင်းဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနား အစည်းအဝေးကို ဆက်လက်ကျင်းပရာ စစ်တွေမြို့ပေါ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးကိုးပါးကို ပင့်ဖိတ်ပြီး နိုဝင်ဘာ၂၇ ရက် တန်ဆောင်မုန်းလပြည့်နေ့တွင် စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး၊ သာသနာ့ဗိမာန်အတွင်း၌ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်းမှ သိရသည်။

ဝင်းမင်းစိုး
(ပြန်/ဆက်)

မြစ်ကြီးနားမြို့၌ လာချိဒ်တိုင်းရင်းသားရိုးရာ အတီးအမှုတ်၊ အဆိုအက၊ တေးသရုပ်ဖော်ပြိုင်ပွဲကျင်းပ

မြစ်ကြီးနား နိုဝင်ဘာ ၈

ကချင်တိုင်းရင်းသားမျိုးနွယ်စုဝင် လာချိဒ်တိုင်းရင်းသား ရှေးဘိုးဘွားများ၏ ရိုးရာအမွေအနှစ်များကို ခေတ်စနစ်အလိုက် မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းထိန်းသိမ်း တန်ဖိုးထားတတ်စေရန်အတွက် မြစ်ကြီးနားဇုန် နယ်လာချိဒ်စာပေနှင့်ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသော လာချိဒ်ရိုးရာ အတီးအမှုတ်၊ အဆိုအက၊ တေးသရုပ်ဖော်ပြိုင်ပွဲဖွင့်ပွဲကို မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းအတွင်းရှိ မဂ္ဂယ်ခန်းမ၌ နိုဝင်ဘာ ၇ ရက်က ကျင်းပသည်။ (ယာပုံ)

အဆိုပါ အခမ်းအနားသို့ ပြည်နယ် သယံဇာတရေးရာ ဝန်ကြီး ဦးတိန့်ဆောင်၊ တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးကျော်မင်းခိုင်တို့ တက်ရောက်အားပေးခဲ့ကြပြီး ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက တိုင်းရင်းသားများအနေဖြင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းခြင်း၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းတို့ကို မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက်မြစ်ကြီးနားဇုန်နယ် လူငယ်များအဖွဲ့က အဖွင့်သီချင်းသီဆိုဖျော်ဖြေခဲ့ကြပြီး ပြည်နယ် သယံဇာတရေးရာ ဝန်ကြီးက မိမိတို့မျိုးဆက်သစ်လူငယ်များအတွက် စဉ်ဆက်မပြတ် ယခုလိုပြိုင်ပွဲများကို ကျင်းပရေးပြောကြားသည်။ ဆက်လက်၍ မြစ်ကြီးနားဇုန်နယ်လာချိဒ် စာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးမော်ဂျော်ချန်းဇုန်းက ပြိုင်ပွဲကျင်းပခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ လာချိဒ်လူငယ်မောင်မယ်များက ရိုးရာ(စမ်းဝိန့်)အကဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများက ပြိုင်ပွဲအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်းစီဖြင့် စုစုပေါင်း ထောက်ပံ့ငွေကျပ်သိန်း ၂၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးများက ပြိုင်ပွဲဖြစ်မြောက်ရေးအတွက် ကူညီပံ့ပိုးပေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို နှစ်ရက်ကြာကျင်းပမည်ဖြစ်ပြီး ရှေးလာချိဒ်ဘိုးဘွားတို့ လက်ဆင့်ကမ်းထိန်းသိမ်းလာသော ပညာများကို မျိုးဆက်သစ်လူငယ်များအတွက် လာချိဒ်စာပေနှင့် ယဉ်ကျေးမှုကော်မတီကကြီးမှူး၍ ရိုးရာသီချင်းကြီးပြိုင်ပွဲ၊ တယော၊ ပလွေ၊ မောင်းတီးပြိုင်ပွဲများ၊ ရိုးရာတေးသံစဉ်အက၊ ခေတ်ပေါ်တေးသရုပ်ဖော်အကနှင့် ခေတ်ပေါ်တေးအဆို ပြိုင်ပွဲများအဖြစ် ကျင်းပမည်ဖြစ်သည်။

လာချိဒ်တိုင်းရင်းသားတို့၏ ရိုးရာအတီးအမှုတ်၊ အဆိုအကတို့သည် ရှေးလာချိဒ်ဘိုးဘွားတို့၏ နတ်ကိုးကွယ်မှုများ၊ သမီးရည်းစားလွမ်းချင်း၊ ကလေးချော့ခြင်း၊ တောတောင်ရေမြေသဘာဝကို ချီးကျူးခြင်း၊ မောင်းထောင်းသည့်အခါများတွင် တေးသီချင်းများကို ဗုံရှည်၊ မောင်း၊ လင်းကွင်း၊ တယော၊ မယ်ဒလင်၊ပလွေစသည့် တူရိယာများကို အသုံးပြု၍လည်းကောင်း၊ ရိုးရာအကများကိုလည်း အိမ်သစ်တက်ခြင်း၊ ကောက်သစ်စားခြင်း၊ လနတ်သမီးခေါ်ပွဲ၊ မနောပွဲ၊ သခွားပွဲတော်၊ တောင်ယာပွဲတော်၊ သက်ပွားပွဲတော်နှင့် နှစ်သစ်ကူးပွဲတော်များ ကျင်းပပြုလုပ်ပြီး ဇောမ်ဂေါ်အက၊ ဂျီဂေါ်အက၊ ဆိမ်ဂေါ်အက၊ ကျုံးဂေါ်အက၊ ဂဘန်ဂေါ်အကတို့ကို ကျင်းပ၍ ယနေ့တိုင် လက်ဆင့်ကမ်းထိန်းသိမ်းလာခြင်းဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ကံမမြို့ ပြည်သူ့ဆေးရုံ၌ အငြိမ်းစားဝန်ထမ်းများအား အခမဲ့ ဆေးကုသ

ကံမ နိုဝင်ဘာ ၈

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်ရှိ အသက် ၆၀ နှင့်အထက် အငြိမ်းစားဝန်ထမ်းများအား မကူးစက်နိုင်သောရောဂါများ ရှာဖွေစစ်ဆေးခြင်းနှင့်ကုသမှုပေးခြင်းအစီအစဉ်ကို ပြည်သူ့ဆေးရုံ၌ ယနေ့နံနက်ပိုင်းက အခမဲ့ ဆောင်ရွက်ပေးသည်။

ထိုသို့ အငြိမ်းစားဝန်ထမ်းများအား လိုအပ်သည့် ကုသမှုများကို မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ဝေလင်းဗိုလ်နှင့် ကျန်းမာရေးဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း စမ်းသပ်စစ်ဆေး ကုသပေးမည်ဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

ကျော်ဇေယျာဝင်း(ကံမ)

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သွေးလွန်တုပ်ကွေးကြောင့် လူပေါင်း ၁၄၀၀ ကျော်သေဆုံးပြီး ၃၀၀၀၀၀ နီးပါး ကူးစက်ခံရ

ဒါကာ နိုဝင်ဘာ ၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၁ လအတွင်း ခြင်မှ တစ်ဆင့်ပေါက်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါကြောင့် လူအသက်ပေါင်း ၁၄၀၀ ကျော် ဆုံးရှုံးခဲ့ရပြီး လူပေါင်း ၃၀၀၀၀၀ နီးပါး ကူးစက်ခံခဲ့ရသည်ဟု သိရသည်။

ကျန်းမာရေးဝန်ဆောင်မှုဦးစီးဌာနက နောက်ဆုံး ကောက်ယူထားသော မှတ်တမ်းများအရ ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကူးစက်မှုမှာ စိုးရိမ်ဖွယ်ရာအခြေအနေသို့ ရောက်ရှိနေပြီး နိုဝင်ဘာ ၇ ရက်အထိ လူပေါင်း ၂၈၃၅၉၃ ဦး ကူးစက် ခံရကာ ၁၄၂၅ ဦး သေဆုံးခဲ့ရသည်ဟု သိရသည်။

စက်တင်ဘာလအတွင်းမှစတင်ကာ နိုင်ငံတွင်း သွေးလွန်တုပ်ကွေးရောဂါကူးစက်မှု အမြင့်ဆုံးဖြစ်နေပြီး နောက်ထပ်ကူးစက်ခံရမှု ၇၉၅၉၈ ဦးရှိကာ ၃၉၆ ဦးသေဆုံးခဲ့ရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် သွေးလွန်တုပ်ကွေး ကူးစက်မှုမြင့်မားနေစဉ် တရုတ်နိုင်ငံက သွေးလွန်တုပ်ကွေးရောဂါတိုက်ဖျက်ရေး ဆေးဝါးနှင့် ထောက်ပံ့ရေးပစ္စည်းများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နိုဝင်ဘာ ၇ ရက်က ပေးပို့ခဲ့သည်။ **ဆင်ဟွာ**

ဆိုမာလီယာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်း၊ ၂၉ ဦးထက်မနည်းသေဆုံး

မိုဂါဒစ်ရှူး နိုဝင်ဘာ ၈

ဆိုမာလီယာနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ရေလွှမ်းမှုဖြစ်ပွားခဲ့သောကြောင့် ၂၉ ဦး ထက်မနည်း သေဆုံးခဲ့ပြီး ၈၅၀၀၀၀ ကျော် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ကြောင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အာဏာပိုင်များက ပြောကြားခဲ့သည်။

ဂျူဘားနှင့် ရှာဘယ်လီမြစ်ကြောင်းတစ်လျှောက် မြစ်ရေလျှံမှုကြောင့် လူပေါင်း ၃၀၅၀၀၀ ကျော် ရွှေ့ပြောင်းခဲ့ရကြောင်း ဆိုမာလီ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီ အကြီးအကဲ မိုဟာမက် မိုအာလင်က ပြောကြားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် ၂၉ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာအနာတရ ဖြစ်စေခဲ့ရုံသာမက ပိုင်ဆိုင်မှုများလည်း ပျက်စီးခဲ့ကြောင်း၊ လူပေါင်း ၈၅၀၀၀၀ လည်း ရေဘေးဒဏ်ခံစားခဲ့ရကြောင်း မိုဟာလင်က မြို့တော်မိုဂါဒစ်ရှူး၌ သတင်းထောက်များကို ပြောကြားခဲ့သည်။

ဂျူဘားမြစ်ကြောင်း တစ်လျှောက် နောက်ထပ် မြစ်ရေလျှံနိုင်သောကြောင့် ဆိုမာလီယာ တောင်ပိုင်းဒေသများ အထူးသဖြင့် ဂီဒို၊ ဘာကူးနှင့် ဘေးဒေသများရှိ ပြည်သူများကို သတိဝီရိယနှင့် နေထိုင်ရန် ၎င်းက သတိပေးထားသည်။

ဆိုမာလီယာ နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှု ဖြစ်ပွားနိုင်ကြောင်းလည်း ၎င်းက နောက်ထပ်သတိပေးထားသည်။ မြစ်ချောင်း အင်းအိုင်များကို အမှီပြုနေထိုင်သူများနှင့် မြေနိမ့်ဒေသများတွင် နေထိုင်သူ ၁ ဒသမ ၂ သန်းခန့် ရေဘေးဒုက္ခနှင့် ကြုံတွေ့နိုင်ကြောင်း ၎င်းက ဆက်လက် သတိပေးထားသည်။

အရေးပေါ် ကယ်ဆယ်ရေး သမားများသည် ဆိုမာလီယာ တောင်ပိုင်း လုခ်ဒေသ ရေကြီးမှုအတွင်း ပိတ်မိနေသော လူပေါင်း ၂၄၀၀ ကို ကယ်ဆယ်ရန် ကြိုးစားဆောင်ရွက်လျက် ရှိကြောင်း လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ကုလသမဂ္ဂညှိနှိုင်းရေးမှူးရုံးက ပြောသည်။

ယခု ဖြစ်ပေါ်လျက်ရှိသော ရေဘေးက ဆိုမာလီယာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဘေးဒုက္ခအကျပ်အတည်းကို ပိုမိုဆိုးရွားစေသည်။

ဆိုမာလီယာနိုင်ငံတွင် လူပေါင်း ၃ ဒသမ ၇ သန်း အငတ်ဘေးပြဿနာနှင့် ရင်ဆိုင်နေရသည်။ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်ပြီး ရေကြီးရေလျှံဖြစ်နိုင်သောကြောင့် ဖော်ပြပါ ပမာဏမှာ ဒီဇင်ဘာလတွင် ၄ ဒသမ ၃ သန်းအထိ ဆက်လက်မြင့်တက်နိုင်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ဆိုမာလီယာနိုင်ငံသည် မိုးသည်းထန်စွာရွာမှုကြောင့် ရေကြီးရေလျှံဖြစ်ပေါ်ခဲ့သော ဒေသများကို အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့သည်။ **ဆင်ဟွာ**

ဘရာဇီး၌ နစ်ဆန်းကုမ္ပဏီ၏ရင်းနှီးမြှုပ်နှံမှုကို အမေရိကန်ဒေါ်လာ သန်း ၅၇၀ အထိ တိုးမြှင့်သွားမည်

တိုကျို နိုဝင်ဘာ ၈

ဂျပန်ကားထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် နစ်ဆန်းကုမ္ပဏီသည် တောင်အမေရိကတွင် လုပ်ငန်းများလုပ်ကိုင်မှုကို တိုးချဲ့လျက်ရှိပြီး ဘရာဇီးတွင် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်သွားမည်ဟု သိရသည်။

၂၀၂၅ ခုနှစ်အထိ တစ်လျှောက်လုံးတွင် ဘရာဇီး၌ ရင်းနှီးမြှုပ်နှံမှုကို အမေရိကန်ဒေါ်လာ သန်း ၅၇၀ အထိ တိုးမြှင့်သွားမည်ဟု နစ်ဆန်းကုမ္ပဏီက ပြောသည်။ အဆိုပါပမာဏသည် ပြီးခဲ့သည့်နှစ် ဧပြီလက ကြေညာခဲ့သည့် နှုန်းထက် နှစ်ဆက်ကျော် ပို၍များပြားသည်။

ရီယိုဒီဂျနေးယိုးပြည်နယ်ရှိ စက်ရုံသို့ နစ်ဆန်းကုမ္ပဏီဥက္ကဋ္ဌနှင့် စီအီးအို အူချီဒါ မာကိုတို လာရောက်လည်ပတ်စဉ် ယခုလို ပြောကြားခဲ့ခြင်း ဖြစ်သည်။ ဘရာဇီးတွင် ကားသစ်ထုတ်လုပ်မှု လုပ်ဆောင်နိုင်ရန်ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဟု အူချီဒါက ပြောသည်။

ဘရာဇီးစက်ရုံတွင် ကားအမျိုးအစားသစ်နှစ်မျိုးကို နစ်ဆန်းမှ ထုတ်လုပ်သွားမည်ဖြစ်သည်။ အမေရိကတောင်ပိုင်းနှင့် အလယ်ပိုင်းတို့ရှိ နိုင်ငံပေါင်း ၂၀ကျော်ကို ကားများ တင်ပို့သွားရန် အစီအစဉ်ရှိသည်။ ဂျပန်ကားကုမ္ပဏီဖြစ်သည့် တိုယိုတာကုမ္ပဏီနှင့် တရုတ်လျှပ်စစ်ကားကုမ္ပဏီဖြစ်သည့် BYD တို့သည် ဘရာဇီးတွင် ရင်းနှီးမြှုပ်နှံမှုအသစ်များ၊ အစီအစဉ်များကို ကြေညာခဲ့သည်။ **အင်န်အိတ်ချ်ကေ**

အာဖဂန်နစ္စတန်မြို့တော်တွင် ဘတ်စ်ကားတစ်စီး ပေါက်ကွဲမှုကြောင့် ခုနစ်ဦးသေဆုံးပြီး ၂၀ ဒဏ်ရာရ

ကဘူးလ် နိုဝင်ဘာ ၈

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်တွင် ဘတ်စ်ကားတစ်စီး ပေါက်ကွဲမှုကြောင့် ခရီးသည်များအပါအဝင် ခုနစ်ဦးထက်မနည်း သေဆုံးကာ ၂၀ ဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းက ဘတ်စ်ကားတစ်စီး ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကားပေါ်တွင် ဗုံးတပ်ဆင်ထားခြင်းဖြစ်သည်ဟု ရဲများက ပြောသည်။ ဟာဇရက်လူမျိုးစုများ အဓိကနေထိုင်ရာ လူဦးရေထူထပ်သည့်နေရာတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်လအတွင်းကလည်း လက်ဝှေ့အားကစားရုံအတွင်း ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လေးဦးထက်မနည်း သေဆုံးခဲ့သည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။

ရှီးယိုက်များကို ၎င်းတို့၏ရန်သူအဖြစ်သတ်မှတ်ထားသည့် အိုင်အက်စ်စစ်သွေးကြွများသည် ဟာဇရက်လူမျိုးစုများကို ပစ်မှတ်ထားကာ တိုက်ခိုက်လေ့ရှိသည်။ **အင်န်အိတ်ချ်ကေ**

အမေရိကန် လူဝီစီယားနားပြည်နယ်၌ မီးခိုးမြူနှင့် နှင်းများ ထူထပ်စွာကျဆင်း ယာဉ်ဆင့်ကဲတိုက်မှုဖြစ်ပွားပြီး တစ်ဦးသေဆုံး

လူဝီစီယားနား နိုဝင်ဘာ ၈

အမေရိကန်ပြည်ထောင်စု လူဝီစီယားနားပြည်နယ် နယူးအော်လင်းစ်ဒေသတွင် မီးခိုးမြူများနှင့် နှင်းများ ထူထပ်စွာကျဆင်းခဲ့သောကြောင့် ဆင့်ကဲယာဉ်တိုက်မှုများဖြစ်ပေါ်ခဲ့ပြီး လူတစ်ဦးသေဆုံးခဲ့ကာ ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

ပြည်နယ်ချင်းဆက်လမ်း အိုင်-၁၀ ၌ ဖြစ်ပွားခဲ့သော အဆိုပါ ဆင့်ကဲယာဉ်တိုက်မှုတွင် ၁၈ ဘီး တွဲကားတစ်စီးနှင့်အတူ ယာဉ် ၁၁ စီး ပါဝင်ခဲ့သည်။

နယူးအော်လင်းစ်ရဲတပ်ဖွဲ့က နိုဝင်ဘာ ၇ ရက်က ပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲတွင် ရာသီဥတုအခြေအနေကောင်းမွန်နေရာမှ ရုတ်တရက် မီးခိုးမြူများနှင့် နှင်းများ ထူထပ်စွာကျဆင်းခဲ့သောကြောင့် ပတ်ဝန်းကျင်အခြေအနေကို လုံးဝမတွေ့မြင်ရတော့သည့်အတွက် ယခုလို ယာဉ်များ ဆင့်ကဲတိုက်မိခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

လွန်ခဲ့သောလက ဖြစ်ပွားခဲ့သော ယာဉ်ဆင့်ကဲတိုက်မှုတွင်လည်း ယာဉ်ပေါင်း ၁၆၈ စင်းပါဝင်ခဲ့ကာ သေဆုံးသူ ရှစ်ဦးရှိခဲ့ပြီး ၆၃ ဦး ဒဏ်ရာရရှိခဲ့သည်။ **ဆင်ဟွာ**

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းသို့ လယ်ယာထွက်ကုန်နှင့် ရေထွက်ကုန်များ တင်ပို့

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ နိုဝင်ဘာ ၄ ရက်မှ ၆ ရက်အထိ ပို့ကုန်တင်ပို့မှုအနေဖြင့် လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် ငရုတ်၊ ဂေါ်ဖီ၊ ကြက်သွန်နီ၊ မတ်ပဲ၊ ချင်းခြောက်၊ ပြောင်းမှုန့်၊ နနွင်းတက်၊ မန်ကျည်းသီး (အစေ့ပါ)၊ ငါးဖမ်းပိုက်၊ ပုလင်းကွဲ၊ တောထန်းမြစ်ခြောက်၊ ရေထွက်ပစ္စည်းများဖြစ်သော ငါးကြင်းဆီဖောင်းခြောက်၊ ကဏန်း၊ ပုစွန်၊ ငါးကြိတ်သား၊ ငါးပါးလျှပ်၊ ငါးမြွေထိုး၊ ကျောက်ငါး၊ ငါးသင်ဖြူး၊ ငါးခွေးလျှာ၊ တွင်းထွက်ပစ္စည်းများဖြစ်သော ခဲ/သတ္တုများနှင့် CMP ပစ္စည်းများကို တင်ပို့ခဲ့သည်။

သွင်းကုန်ပစ္စည်း တင်သွင်းမှုအနေဖြင့် နိုဝင်ဘာ ၄ ရက်မှ ၆ ရက်အထိ တိရစ္ဆာန်အစာ၊ စက်ဘီး၊ အဝတ်အထည်၊ စာရေးကိရိယာ၊ ကားအပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်ယန္တရားများ၊ ဓာတ်မြေဩဇာ၊ ဆိုင်ကယ်အပိုပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ စားသောက်ကုန်၊ အလှကုန်ပစ္စည်း၊ CMP ၊ ဆေးဝါးများ၊ ဖိနပ်၊ သစ်သီးမျိုးစုံ၊ အိမ်သုတ်ဆေး၊ အိမ်သုံးပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ စက်နှင့်စက်ပစ္စည်းကိရိယာများနှင့် ငါးဖမ်းပစ္စည်းတို့ကို တင်သွင်းခဲ့သည်။

ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ၉၁ ဒသမ ၃၂ ကျပ်ဖြစ်ကြောင်း သိရှိရသည်။

ရွှေဘိုခရိုင်အတွင်းဖြစ်ပေါ်နေသော စပါး၊ ဆန် ဈေးနှုန်းများနှင့် စီးထွက်မှုအခြေအနေ

ရွှေဘိုခရိုင်အတွင်းရှိမြို့နယ်များ၌ နိုဝင်ဘာလပထမပတ်တွင် စပါး၊ ဆန်ဈေးနှုန်းများ အနည်းငယ်ကျဆင်းနေကြောင်း၊ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ အောက်တိုဘာလ နောက်ဆုံးပတ်တွင် ရန်ကုန်သို့ အိတ်ရေ ၁၉၅၀၀၊ မန္တလေးသို့ အိတ်ရေ ၁၇၈၀၀၊ နေပြည်တော်သို့ အိတ်ရေ ၃၀၀၀၊ ရှမ်း (တောင်) သို့ အိတ်ရေ ၂၀၀၀၊ ရှမ်း (မြောက်) သို့ အိတ်ရေ ၂၀၀၀၊ ပခုက္ကူသို့ အိတ်ရေ ၁၅၀၀၊ စုစုပေါင်းအိတ်ရေ ၄၅၈၀၀၊ တန်အားဖြင့် ၂၂၉၀ စီးထွက်ခဲ့ပြီး နိုဝင်ဘာလ ဒုတိယပတ်တွင် ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၁၅၇၅၀၊ မန္တလေးသို့ အိတ်ရေ ၁၇၀၀၅၊ နေပြည်တော်သို့ အိတ်ရေ ၃၂၀၀၊ ရှမ်း (တောင်) သို့ အိတ်ရေ ၂၄၀၀၊ ပခုက္ကူသို့ အိတ်ရေ ၁၀၀၀၊ ကယားသို့ အိတ်ရေ ၄၀၀၊ စုစုပေါင်းအိတ်ရေ ၃၉၇၅၅၊ တန်အားဖြင့် ၁၉၈၈ တန် စီးထွက်ခဲ့ကြောင်း သိရသည်။

နိုဝင်ဘာလ ပထမပတ်တွင် ရွှေဘိုမြို့၌ ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်း စပါး တင်း ၁၀၀ လျှင် ကျပ် ၃၇၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၂၅၀၀၀၊ ရှောမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

DOCA (စစ်ကိုင်း)

ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ နိုဝင်ဘာ ၆ ရက်မှ ၇ ရက်အထိ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန် ပစ္စည်းများမှာ ဆီအုန်း ၁၂၀ ဒသမ ၀ တန်၊ ပလာတူးခက် ၅၆၇ ဒသမ ၄၅ တန်၊ ဘောင်းကြေးငါး ၆၂ ဒသမ ၇၆ တန်၊ ငါးမဲလုံး ၁၀၅၈၃ ဒသမ ၂၀ တန်၊ ငါးချဉ်ပေါင် ၄ ဒသမ ၃၂၀ တန်၊ ငါးဇင်းပြား ၁၅ ဒသမ ၁၂၀ တန်၊ တာဝမ်ငါး ၂၁ ဒသမ ၅၉၀ တန်၊ လိုင်းဝါငါး ၁၃ ဒသမ ၇၆၀ တန်၊ ငါးနီငယ် ၃၆ ဒသမ ၃၃၀ တန်နှင့် ငါးဝိုင်း ၄ ဒသမ ၀၀၀ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းမှာ ဒီဇယ် တန် ၈၀၀ နှင့် ဓာတုဗေဒပစ္စည်း ၇၂ တန်တို့ဖြစ်ကြောင်း သိရှိရသည်။

နိုဝင်ဘာ ၈ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၁၀၄ ဒသမ ၉၀ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၉၀ ဒသမ ၅ ကျပ်ခန့်ရှိကြောင်း သိရသည်။

မော်တောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မော်တောင်ကုန်သွယ်ရေးစခန်းအနေဖြင့် နိုဝင်ဘာ ၆ ရက်မှ ၇ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၁၇၅၅ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၀ ဒသမ ၀၀၀၄ သန်း၊ စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၁၇၅၉ သန်း ကုန်သွယ်မှု ဆောင်ရွက်နိုင်ခဲ့သည်။

မော်တောင်ကုန်သွယ်ရေးစခန်းမှ ထိုင်းနိုင်ငံသို့ နိုဝင်ဘာလ ၆ ရက်မှ ၇ ရက်အထိ အဓိက တင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၆၃ တန်၊ ရွှံ့ကဏန်း (အရှင်) ၃ ဒသမ ၉၅ တန်၊ ဂျင်းခရု (အရှင်) ၁၀ ဒသမ ၂ တန်၊ ကဏန်း (အသေ) ၄ ဒသမ ၁၅ တန်၊ ရေခူဆားနယ် ၁၄ ဒသမ ၆ တန်၊ ကျောက်ပုစွန်(အရှင်) ၀ ဒသမ ၂၄ တန်၊ ငှက်ပျောသီး ၄၅ တန်၊ ငရုတ်သီးစိမ်း ၈ ဒသမ ၇ တန် တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်တင်သွင်းမှုအနေဖြင့် သစ်သီး ၁ ဒသမ ၅ တန် တင်သွင်းခဲ့သည်။

၈ – ၁၁ – ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ စက်သုံးဆီ ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

စဉ်	မြို့အမည်	ဆန်(တစ်ပြည်)			ဆီ(တစ်ပိဿာ)		စားဖိုဆောင်သုံး (တစ်ပိဿာ)												အသား၊ ငါး(တစ်ပိဿာ)				
		ညှော်မထ	ဧစိန်	ပေါ်ဆန်း	ပဲဆီ	စားအုန်းဆီ	ငရုတ်ခြောက်	ကြက်သွန်နီ	ကြက်သွန်ဖြူ(ရှမ်းစ)	ကြက်သွန်ဖြူ (ကြူကုတ်)	နနွင်းတက်	ချင်း	ဆား	မြေပဲ	ကုလားပဲဝါ	မန်ကျည်းသီး	အာလူး	သကြား	ကြက်	ဝက်	အမဲ	ဆိတ်	ငါးမြစ်ချင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅	၁၆	၁၇	၁၈	၁၉	၂၀	၂၁	၂၂	၂၃	၂၄
၁	မြစ်ကြီးနား	၃၃၀၀		၆၃၀၀	၁၅၀၀၀	၅၂၀၀	၁၆၀၀၀	၄၅၀၀	၂၀၀၀၀	၁၇၀၀၀	၅၀၀၀	၈၀၀၀	၁၀၀၀	၉၀၀၀	၇၀၀၀	၅၀၀၀	၃၅၀၀	၄၅၀၀	၁၂၀၀၀	၂၂၀၀၀	၁၈၀၀၀	၂၆၀၀၀	၁၅၀၀၀
၂	လားရှိုး	၃၅၀၀		၇၃၀၀	၁၆၅၀၀	၅၃၀၀	၂၀၀၀၀	၅၅၀၀	၁၅၀၀၀	၁၂၀၀၀	၆၀၀၀	၈၀၀၀	၁၀၀၀	၈၅၀၀	၈၅၀၀	၄၀၀၀	၅၀၀၀	၄၀၀၀	၁၂၀၀၀	၂၂၀၀၀	၂၀၀၀၀	၃၀၀၀၀	၁၆၀၀၀
၃	ကျိုင်းတုံ	၃၉၅၀		၆၅၀၀	၁၆၀၀၀	–	၁၈၀၀၀	၄၅၀၀	၁၁၀၀၀	၉၅၀၀	၄၀၀၀	၅၀၀၀	၁၀၀၀	၈၀၀၀	၇၀၀၀	၄၀၀၀	၃၀၀၀	၄၀၀၀	၁၄၀၀၀	၂၀၀၀၀	၂၄၀၀၀		၁၇၀၀၀
၄	တောင်ကြီး	၃၀၀၀	၂၇၀၀	၆၄၀၀	၁၆၅၀၀	၄၉၀၀	၂၀၀၀၀	၄၀၀၀	၁၀၀၀၀	၁၀၀၀၀	၆၀၀၀	၆၀၀၀	၆၀၀	၈၅၀၀	၆၅၀၀	၄၀၀၀	၃၀၀၀	၃၆၀၀	၁၀၀၀၀	၂၀၀၀၀	၁၇၀၀၀	၂၆၀၀၀	၁၄၀၀၀
၅	လွိုင်ကော်	၃၆၀၀	၂၇၀၀	၆၅၀၀	၁၆၀၀၀	၅၃၀၀	၂၀၀၀၀	၃၈၀၀	၁၂၀၀၀	၈၅၀၀	၅၅၀၀	၅၀၀၀	၆၀၀	၉၀၀၀	၆၄၀၀	၃၅၀၀	၂၇၀၀	၄၀၀၀	၁၄၀၀၀	၁၇၀၀၀	၁၅၀၀၀	၂၅၀၀၀	၁၂၀၀၀
၆	ဘားအံ	၂၉၀၀		၄၈၀၀	၁၆၀၀၀	၅၃၅၀	၁၄၀၀၀	၄၀၀၀	၁၃၀၀၀	၁၂၀၀၀	၆၈၀၀	၅၀၀၀	၈၀၀	၁၀၀၀၀	၆၅၀၀	၃၀၀၀	၃၅၀၀	၄၃၀၀	၁၀၅၀၀	၁၅၀၀၀	၁၅၀၀၀	၁၈၀၀၀	၈၀၀၀
၇	မော်လမြိုင်	၃၁၅၀		၄၄၀၀	၁၆၀၀၀	၄၈၆၀	၁၅၀၀၀	၄၂၀၀	၁၆၀၀၀	၁၄၀၀၀	၈၀၀၀	၆၀၀၀	၈၀၀	၁၂၀၀၀	၇၀၀၀	၅၀၀၀	၃၅၀၀	၄၄၀၀	၁၀၀၀၀	၁၆၀၀၀	၁၇၀၀၀	၂၀၀၀၀	၁၂၀၀၀
၈	ထားဝယ်	၃၈၅၀		၆၂၀၀	၁၇၀၀၀	၅၃၀၀	၁၄၅၀၀	၄၃၀၀	၁၄၀၀၀	၁၃၀၀၀		၇၀၀၀	၈၀၀	၇၉၀၀	၆၀၀၀	၄၀၀၀	၃၇၀၀	၄၂၀၀	၁၂၅၀၀	၁၆၀၀၀	၁၈၀၀၀	၂၄၀၀၀	
၉	မြိတ်	၃၂၀၀		၄၈၀၀	၁၆၀၀၀	၅၄၀၀	၁၅၀၀၀	၄၄၀၀	၁၃၀၀၀	၁၆၀၀၀	၈၀၀၀	၈၇၀၀	၈၀၀	၉၀၀၀	၆၅၀၀	၃၅၀၀	၃၀၀၀	၄၂၀၀	၁၂၀၀၀	၁၆၀၀၀	၁၈၀၀၀	၂၃၀၀၀	
၁၀	ရန်ကုန်	၂၈၀၀		၄၅၀၀	၁၆၀၀၀	၄၈၀၀	၁၈၀၀၀	၄၅၀၀	၁၈၀၀၀	၂၀၀၀၀	၁၀၀၀၀	၈၀၀၀	၈၀၀	၇၅၀၀	၆၅၀၀	၄၀၀၀	၄၈၀၀	၄၂၀၀	၁၀၀၀၀	၁၇၀၀၀	၁၈၀၀၀	၂၀၀၀၀	၁၂၀၀၀
၁၁	ပုသိမ်	၂၉၀၀		၄၀၅၀	၁၆၀၀၀	၅၀၀၀	၁၇၀၀၀	၄၀၀၀	၁၇၅၀၀	၁၇၀၀၀	၅၀၀၀	၈၀၀၀	၃၀၀	၆၅၀၀	၆၀၀၀	၄၅၀၀	၃၈၀၀	၄၀၀၀	၈၀၀၀	၁၆၀၀၀	၁၆၀၀၀	၂၅၀၀၀	၁၀၀၀၀
၁၂	စစ်တွေ	၃၀၀၀	၂၇၅၀	၄၅၀၀	၁၇၀၀၀	၅၂၀၀	၁၈၀၀၀	၄၃၀၀	၁၈၀၀၀	၁၈၀၀၀	၈၀၀၀	၁၀၅၀၀	၆၀၀	၁၀၀၀၀	၆၈၀၀	၃၅၀၀	၄၀၀၀	၄၂၀၀	၁၁၀၀၀	၂၂၀၀၀	၂၆၀၀၀	၂၆၀၀၀	
၁၃	ဟားခါး	၇၀၀၀			၁၈၅၀၀	–	၄၅၀၀၀	၅၀၀၀	၁၄၀၀၀			၄၀၀၀	၁၂၀၀		၈၇၀၀		၅၀၀၀	၆၀၀၀	၁၇၀၀၀	၂၀၀၀၀	၂၀၀၀၀		၁၅၀၀၀
၁၄	မုံရွာ	၄၈၀၀		၅၄၀၀	၁၂၅၀၀	၅၂၀၀	၁၇၀၀၀	၃၀၀၀	၁၁၀၀၀	၁၁၀၀၀	၁၀၀၀၀	၄၀၀၀	၇၀၀	၆၈၀၀	၈၀၀၀	၃၅၀၀	၂၈၀၀	၄၂၀၀	၁၀၀၀၀	၁၉၀၀၀	၁၃၀၀၀	၂၂၀၀၀	၁၂၀၀၀
၁၅	မန္တလေး	၃၅၀၀		၅၇၀၀	၁၅၀၀၀	၅၂၀၀	၁၄၀၀၀	၃၆၀၀	၁၅၀၀၀	၁၃၀၀၀	၆၅၀၀	၆၅၀၀	၈၀၀	၈၀၀၀	၆၃၀၀	၅၀၀၀	၃၂၀၀	၄၀၀၀	၁၁၀၀၀	၁၇၀၀၀	၁၆၀၀၀	၂၄၀၀၀	၁၃၀၀၀
၁၆	ပခုက္ကူ	၃၈၀၀		၅၈၀၀	၁၂၀၀၀	၅၀၀၀	၁၆၀၀၀	၃၄၀၀	၁၂၀၀၀	၁၀၀၀၀	၉၀၀၀	၄၀၀၀	၆၅၀	၇၀၀၀	၇၅၀၀	၃၀၀၀	၃၂၀၀	၄၀၀၀	၁၂၀၀၀	၁၈၀၀၀	၁၇၀၀၀	၂၀၀၀၀	၇၅၀၀
၁၇	မကွေး	၃၇၀၀		၆၀၀၀	၁၃၅၀၀	၅၂၀၀	၁၅၀၀၀	၃၈၀၀	၁၂၀၀၀	၁၁၀၀၀	၇၀၀၀	၆၅၀၀	၈၀၀	၆၂၀၀	၆၅၀၀	၃၂၀၀	၃၃၀၀	၄၀၀၀	၁၂၀၀၀	၁၄၀၀၀	၁၄၀၀၀	၁၆၀၀၀	၁၄၀၀၀
၁၈	ပြည်	၃၀၀၀		၅၄၀၀	၁၃၅၀၀	၅၄၀၀	၁၈၀၀၀	၄၀၀၀	၁၅၀၀၀	၁၈၀၀၀		၆၅၀၀	၆၀၀	၇၀၀၀	၆၅၀၀	၄၀၀၀	၃၈၀၀	၄၀၀၀	၁၁၀၀၀	၁၈၀၀၀	၁၅၀၀၀	၂၅၀၀၀	၁၂၀၀၀
၁၉	ပဲခူး	၃၂၀၀		၅၂၀၀	၁၅၅၀၀	၅၂၀၀	၁၆၀၀၀	၄၀၀၀	၁၃၀၀၀	၁၈၀၀၀		၆၅၀၀	၄၅၀	၈၅၀၀	၆၃၀၀	၃၅၀၀	၃၈၀၀	၄၃၀၀	၁၀၀၀၀	၁၆၀၀၀	၁၅၀၀၀	၂၃၀၀၀	၉၀၀၀
၂၀	ပျဉ်းမနား	၃၅၀၀		၆၆၀၀	၁၅၀၀၀	၄၉၀၀	၁၄၀၀၀	၃၈၀၀	၁၄၀၀၀	၁၄၀၀၀	၆၀၀၀	၅၆၀၀	၅၀၀	၇၀၀၀	၆၄၀၀	၄၀၀၀	၃၂၀၀	၄၂၀၀	၁၁၀၀၀	၁၄၀၀၀	၁၄၀၀၀	၂၄၀၀၀	၁၁၀၀၀
၂၁	နေပြည်တော်	၃၅၀၀		၆၆၀၀	၁၅၀၀၀	၄၉၀၀	၁၆၀၀၀	၄၀၀၀	၁၆၀၀၀	၁၄၀၀၀	၆၂၀၀	၆၀၀၀	၅၀၀	၇၂၀၀	၆၄၀၀	၄၂၀၀	၃၅၀၀	၄၂၀၀	၁၁၀၀၀	၁၆၀၀၀	၁၄၀၀၀	၂၄၀၀၀	၁၂၀၀၀
၂၂	ကလေး	၄၈၀၀	၄၄၀၀		၁၅၀၀၀	၉၀၀၀	၂၂၀၀၀	၄၀၀၀		၁၂၀၀၀	၄၅၀၀	၆၀၀၀	၁၀၀၀	၉၅၀၀	၇၅၀၀	၄၀၀၀	၄၃၀၀	၅၀၀၀	၁၅၀၀၀	၂၀၀၀၀	၂၀၀၀၀		၁၂၀၀၀

မှတ်ချက်။ (၁) ပေါ်ဆန်းဆန် တစ်ပြည်လျှင် ထားဝယ်တွင် ငွေကျပ် ၁၀၀၊ ပဲဆီ တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၁၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် မုံရွာတွင် ငွေကျပ် ၂၀၀၊ ပြည်တွင် ငွေကျပ် ၁၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၅၀၀၊ မကွေးတွင် ငွေကျပ် ၃၀၀၊ နေပြည်တော်တွင် ငွေကျပ် ၂၀၀၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြိတ်၊ ပုသိမ်၊ ပြည်နှင့် ပျဉ်းမနားတွင် ငွေကျပ် ၁၀၀၀၊ မကွေးနှင့် နေပြည်တော်တွင် ငွေကျပ် ၂၀၀၀၊ (ကြူကုတ်စ) တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ငွေကျပ် ၂၀၀၀၊ မန္တလေးတွင် ငွေကျပ် ၃၀၀၀၊ မကွေးတွင် ငွေကျပ် ၁၀၀၀၊ ချင်း တစ်ပိဿာလျှင် စစ်တွေတွင် ငွေကျပ် ၅၀၀၊ ဆား တစ်ပိဿာလျှင် ရန်ကုန်တွင် ငွေကျပ် ၂၀၀၊ အာလူး တစ်ပိဿာလျှင် ရန်ကုန်၊ မကွေး၊ နေပြည်တော်၊ ပဲခူးနှင့် ကလေးတွင် ငွေကျပ် ၃၀၀၊ ပုသိမ်၊ ပခုက္ကူနှင့် ပျဉ်းမနားတွင် ငွေကျပ် ၂၀၀၊ ကြက်သား တစ်ပိဿာလျှင် မုံရွာတွင် ငွေကျပ် ၁၀၀၀၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် လားရှိုးတွင် ငွေကျပ် ၁၀၀၀၊ ကျိုင်းတုံတွင် ငွေကျပ် ၅၀၀ ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် မော်လမြိုင်တွင် ငွေကျပ် ၄၀၊ ထားဝယ်တွင် ငွေကျပ် ၁၅၀ ဈေးကျခဲ့ပါသည်။

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ငပုတောမြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၈

ကမ်းရိုးတန်းဒေသတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် အတွက် တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ် (သံလွင်) နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၂၉၇ ဦး၊ ခွဲစိတ်ရောဂါ ၆၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၄၉ ဦး၊ ကလေးရောဂါ ၆၀၊ အရိုးရောဂါ ၁၁၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၅၃ ဦး၊ မျက်စိရောဂါ ၂၀၆ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၇၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ၁၅ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၄ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၅၃ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ် စစ်ဆေးလူနာ ၅၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၇ ဦး စုစုပေါင်း ၉၂၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံ တက်ရောက်ကုသရန် လိုအပ်သူ ၁၁ ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို နယ်မြေခံရေတပ်စခန်းဌာနချုပ်မှ ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ မျက်စိခွဲစိတ်လူနာများအား ဆေးမျက်မှန်များ တပ်ဆင်ပေးပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့ပြင် ဆေးဝါးလာရောက်ကုသမှုခံယူသည့် ဒေသခံပြည်သူများအား နေ့လယ်စာကျွေးမွေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ယခုကဲ့သို့ ကျန်းမာရေး ဆောင်ရွက်ပေးမှုများအပေါ်ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုကြားသိခဲ့ရသည် -

ဒုတိယဗိုလ်မှူးကြီး ထွန်းသူရ

ဒုတိယဗိုလ်မှူးကြီး ထွန်းသူရ
ဒုတိယဌာနချုပ်မှူး
ပမ္မဝတီရေတပ်စခန်းဌာနချုပ်

အခမဲ့ ဆေးကုသမှုရရှိရန် ပမ္မဝတီရေတပ်စခန်း ဌာနချုပ်အနေနဲ့ ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) လာရောက်မယ်ဆိုတာ သိရှိရတဲ့အချိန်မှာ ကျွန်တော်တို့ ဒီဟိုင်းကြီးကျွန်းမြို့နယ်အုပ်ချုပ်ရေးအဖွဲ့နဲ့ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူတွေကို ကြိုတင် အကြောင်းကြားမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ အလားတူ ဆေးကုသမယ့်အဖွဲ့တွေ လာရောက်ချိန်မှာ သက်သက်သာသာနဲ့နေထိုင်နိုင်ဖို့ နေရာထိုင်ခင်းတွေ ပြင်ဆင်ခြင်းနဲ့ နေ့စဉ်လာရောက်ဆေးကုသတဲ့ သူတွေကိုလည်း ဌာနချုပ်အနေနဲ့ လူ ၅၀၀ စာလောက်ကို အခမဲ့ကျွေးမွေးဆောင်ရွက်လျက်ပါတယ်။ ဒါတင်မကပါဘူး။ ဆေးလာကုသတဲ့သူတွေ သွားရေး လာရေး အဆင်ပြေစေရေးအတွက် ဌာနချုပ်အနေနဲ့ ကားတွေစီစဉ်ပြီးတော့ သယ်ယူပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ဆေးရုံဆင်းလူနာတွေ ပြန်ဖို့အတွက် အခက်အခဲရှိတယ်ဆိုရင်လည်း မိမိတို့ဌာနချုပ်အနေနဲ့ သင်္ဘော၊ လှေတွေစီစဉ်ပြီး ရပ်ရွာအရောက် ပြန်လည်ပို့ဆောင်စီစဉ်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ ဟိုင်းကြီးကျွန်းဒေသဟာ လမ်းပန်းဆက်သွယ်ရေး အရခက်ခဲတဲ့အတွက် ဒေသခံပြည်သူတွေအနေနဲ့ ရောဂါတစ်ခုခုဖြစ်ပြီဆိုလို့ရှိရင် ဆေးရုံတက်ရောက်ကုသဖို့အတွက် သွားရေးလာရေးမှာ များစွာအခက်အခဲရှိပါတယ်။ အခုလို တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့ (သံလွင်) နဲ့ ကျွန်တော်တို့ ဟိုင်းကြီးကျွန်းဒေသကို လာရောက်ဆေးကုသပေးတဲ့အတွက် ဒေသခံပြည်သူများကိုယ်စား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တကွ တာဝန်ရှိသူတွေအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

မစန်းစန်းအေး
ကျုံကူးကျေးရွာ
ဟိုင်းကြီးကျွန်းမြို့

တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့ဟာ ဟိုင်းကြီးကျွန်းမြို့ကို လာရောက်ဆေးကုသတယ်ဆိုတဲ့သတင်းကြားလို့ လာရောက်ဆေးကုသခြင်း ဖြစ်ပါတယ်။ ကျွန်မရဲ့ရောဂါက နှစ်နှစ်လောက်ရှိပါပြီ။ ကျွန်မရဲ့ ရောဂါက အသားလုံးရှိတဲ့အတွက် ဆရာဝန်ကြီးတွေနဲ့ပြကြည့်တဲ့အခါမှာ ဆရာဝန်ကြီးတွေက ခွဲစိတ်ဖို့ ပြောပါတယ်။ အဲဒီအချိန်မှာ ကျွန်မအနေနဲ့ ရုတ်တရက် သိလိုက်ရတဲ့အချိန်မှာ အလွန်စိတ်လှုပ်ရှားနေပါတယ်။ ဆရာဝန်ကြီးတွေက နွေးထွေးစွာ ကြိုဆိုပြီး ဘာမှမဖြစ်ဘူး။ ခွဲစိတ်မှုအောင်မြင်မှာပါ။ မစိုးရိမ်ပါနဲ့ ဆိုပြီး နွေးနွေးထွေးထွေးပြောဆိုခဲ့တဲ့အတွက် ကျွန်မအနေနဲ့ အလွန်အားရှိသွားပါတယ်။ ကျွန်မကြောက်နေမှန်းသိတော့ ဆရာဝန်ကြီးတွေက မကြောက်ဖို့ အားပေးစကား ပြောတယ်။ တကယ်တမ်း ခွဲစိတ်လိုက်တဲ့အခါမှာ ဆရာဝန်ကြီးတွေရဲ့ အပြုံးမျက်နှာ၊ နွေးနွေးထွေးထွေးနဲ့ ဆက်ဆံမှုကို မြင်လိုက်တဲ့အခါ ကျွန်မရဲ့ရောဂါဟာ ယူပစ်သလို ပျောက်ကင်းသွားတယ်လို့ ခံစားရပါတယ်။ အဲဒီအတွက်လည်း ဆရာဝန်ကြီးအားလုံးကို ကျေးဇူးတင်မိပါတယ်။ ဟိုးအရင်တုန်းက ဆိုရင် ကျွန်မတို့ရွာမှာ ငွေရေးကြေးရေး အခက်အခဲကြောင့် မသေသင့်ဘဲ သေသွားတဲ့သူလည်း ရှိပါတယ်။ အဲဒီအတွက်လည်း ကျွန်မစိတ်ထဲမှာ အလွန်ကိုခံစားရပါတယ်။ စိတ်မကောင်းလည်း အလွန်ဖြစ်မိပါတယ်။ အခုလို တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျွန်မတင်မဟုတ်ဘူး။ ဒေသခံပြည်သူအားလုံးကို လူမျိုးမရွေး၊ ဘာသာမရွေး တစ်စိတ်တည်း၊ တစ်ဝမ်းတည်း နွေးနွေးထွေးထွေးနဲ့ ကုသပေးတဲ့အတွက် ကျွန်မအနေနဲ့ အလွန်ကျေးဇူးတင် ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မတို့ရွာက ဆေးလာကုဖို့ အခက်အခဲဖြစ်နေတဲ့ ဒေသခံပြည်သူတွေကို သွားရေးလာရေးကို အကြိုအပို့လုပ်ပေးတဲ့အပြင် ထမင်းလည်းကျွေးတယ်။ ဆေးလည်းအလကားပေးတယ်။ ခွဲစိတ်တဲ့ လူနာတွေအတွက်လည်း မေတ္တာစေတနာနဲ့ ကုသပေးတဲ့အတွက် ကျွန်မအနေနဲ့ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျွန်မရဲ့ရောဂါက အပြင်မှာကုမယ်ဆိုရင် ပိုက်ဆံအများကြီးကုန်မှာ ကျွန်မအနေနဲ့လည်း မတတ်နိုင်ဘူး။ အခုလို နယ်လှည့် ဆေးကုသရေးအဖွဲ့နဲ့ အောင်မြင်စွာ ကုသပေးတဲ့အတွက် ကျွန်မအနေနဲ့ဝမ်းမြောက်ဝမ်းသာကြည်နူး ဖြစ်မိပါတယ်။ အခုလို ကျွန်မလိုရောဂါတွေ ပျောက်အောင်စေလွှတ်ပြီး စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူတွေကို အလွန်ကျေးဇူးတင်မိပါတယ်။ တပ်မတော် နယ်လှည့်ဆေး ကုသရေးအဖွဲ့ဟာ ဆေးကုသပေးတဲ့အပြင် နောက်ထပ် ဒေသခံပြည်သူတွေအားလုံးကိုလည်း မကြာမကြာလာရောက်ဆေးကုသပေးပါလို့ ကျွန်မအနေနဲ့ ပြောချင်ပါတယ်။

မစန်းစန်းအေး

သတင်းစဉ်

ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦးတွေ့ရှိ

(၈-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၇-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၂၅၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၉) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၁၁-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၉၅၅	၂၀၂၈
95 Ron	၂၀၅၃	၂၁၂၇
HSD (500 ppm)	၂၀၈၈	၂၁၆၀
HSD (50 ppm)	၂၂၀၀	၂၂၇၄
HSD (10 ppm)	၂၂၀၈	၂၂၈၁

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း သန်လျင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ကျောက်တန်းမြို့နယ် သီလဝါစက်မှုဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းက သန်လျင်မြို့နယ် အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း များ ဆောင်ရွက်နေမှုနှင့် ကျောက် တန်းမြို့နယ် သီလဝါပြည်တွင်း စက်မှုဇုန်သို့ သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့် ဝန်ကြီးများသည် သန်လျင်မြို့နယ် မူလသန်လျင် တံတား သန်လျင်ဘက်ခြမ်း ချဉ်းကပ်လမ်းကို ကြည့်ရှု စစ်ဆေး၍ လမ်းဘေး ဝဲ၊ ယာ သန့်ရှင်းသာယာရေးနှင့် သွားလာ မှု လွယ်ကူမြန်ဆန် အဆင်ပြေစေ ရေးအတွက် ချဉ်းကပ်လမ်းကို ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်ရန် သက်ဆိုင်သည့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား မှာကြားသည်။ ထို့မှတစ်ဆင့် သန်လျင်မြို့နယ် သန်လျင် - သီလဝါ ဆိပ်ကမ်းလမ်းကို တိုင်းဒေသ ကြီး ဘတ်ဂျက်ခွင့်ပြုငွေဖြင့် အရှည် ၅ ဖာလုံ ကတ္တရာ ထပ်ပိုး လွှာ ခင်းကျင်းနေမှုကို ကြည့်ရှု စစ်ဆေးရာ တိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးထင်ကျော်က လုပ်ငန်း များ ဆောင်ရွက်နေမှုနှင့်ပတ်သက် ၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသ ကြီး ဝန်ကြီးချုပ်က လမ်းအရည် အသွေး စံချိန်စံညွှန်းမီ ကောင်းမွန် ရေး၊ လုပ်ငန်းသတ်မှတ်ကာလ အတွင်း ပြီးစီးရေး လိုအပ်သည် များ မှာကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် သန်လျင် - သီလဝါ ဆိပ်ကမ်းလမ်းကို မော်တော်ယာဉ် ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကာ လမ်းဘေး ဝဲ၊ ယာ သန့်ရှင်းသာယာ ရေးအတွက် အမြင်မတင့်တယ် သည့် သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များ ရှင်းလင်းဆောင်ရွက် ထားရှိရေး ဌာနဆိုင်ရာတာဝန်ရှိသူ များအား မှာကြားခဲ့သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ကျောက်တန်းမြို့နယ် သီလဝါ ပြည်တွင်းစက်မှုဇုန်သို့ သွားရောက် ပြီး ကနောင်မင်းသားကြီးလမ်းရှိ Prosperity Kintwear Ltd (သိုးမွေးထည်စက်ရုံ) သို့ရောက်ရှိ ပြီး စက်ရုံအတွင်း သိုးမွေးထည် အဆင့်ဆင့် ချုပ်လုပ်ထုပ်ပိုးနေမှု ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံ တာဝန်ရှိသူက သိုးမွေးထည် ထုတ်လုပ်နေမှုအား အသေးစိတ် လိုက်လံရှင်းလင်းတင်ပြသည်။ အဆိုပါ သိုးမွေးထည်စက်ရုံတွင် ဝန်ထမ်း ၄၈၇ ဦးဖြင့် လုပ်ငန်း လည်ပတ်လျက်ရှိပြီး တစ်လလျှင် ပျမ်းမျှနှုန်းဖြင့် ကျားဝတ်၊ မဝတ် သိုးမွေးထည် တစ်သိန်းကျော် ထုတ်လုပ်နိုင်ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် ကျောက်တန်းမြို့နယ် သီလဝါ ပြည်တွင်းစက်မှုဇုန် မြတောင် ဝန်ကြီးဦးမှို လမ်းရှိ ပိုင်ရှင် ဦးလှမြင့်ရွှေ ၏ Oki ဆပ်ပြာမှုန့် စက်ရုံသို့ရောက်ရှိပြီး ဆပ်ပြာမှုန့် ထုတ်လုပ်နေမှုကို ကြည့်ရှု စစ်ဆေးရာ စက်ရုံတာဝန်ရှိသူက ဆပ်ပြာမှုန့် ထုတ်လုပ်နေမှုအဆင့် ဆင့်ကို လိုက်လံရှင်းလင်းတင်ပြ သည်။(**အပေါ်ပုံ**) အဆိုပါ Oki ဆပ်ပြာမှုန့်စက်ရုံတွင် ဝန်ထမ်း ၇၀ ဖြင့် တစ်လလျှင် ပျမ်းမျှ ဆပ်ပြာမှုန့် တန်ချိန် ၁၅၀ မှ ၂၀၀ ကြား ထုတ်လုပ်နိုင်ကြောင်း သိရ သည်။ **ဝေယံ (မြန်/ ဆက်)**

ရန်ကင်းမြို့နယ်၌ ထွေ/အုပ်နှစ်ပတ်လည်နေ့ပြုလုပ်

ရန်ကုန် နိုဝင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သည့် ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၏ (၃၅)နှစ်မြောက် နှစ်ပတ် လည်နေ့တွင် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို နိုဝင် ဘာ ၇ ရက်က အမှတ် (၁၄)ရပ်ကွက် မိုးကောင်း ဘုရားလမ်းရှိ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ ရန်ကင်းမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ ဩဝါဒကထာနှင့် ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာ တော်များထံမှ ပရိတ်တရားတော်များ နာယူ ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်း လတ်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှ ဝန်ထမ်းများက ဆက်ကပ်လှူဒါန်းခဲ့ကြ ကြောင်း သိရသည်။ **လှလှထွေး(မြန်/ဆက်)**

သဲကုန်းမြို့နယ်၌ ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါဝေဒနာရှင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်

သဲကုန်း နိုဝင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်းရှိ သွေးတိုး၊ ဆီးချိုနှင့် နှလုံးရောဂါဝေဒနာရှင်များ၊ ရပ်ကွက်နှင့်ကျေးရွာရှိ ပြည်သူများအား မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ကျန်းမာ ရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုများကို မြို့နယ်အတွင်းရှိ မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် စမ်းသပ်ဆောင်ရွက်လျက်ရှိပြီး သဲကုန်းမြို့နယ်အတွင်းရှိ သွေးတိုး၊ နှလုံး၊ ဆီးချိုဝေဒနာရှင်ပြည်သူများ အနေဖြင့် သက်ဆိုင်ရာကျန်းမာရေးဌာနများတွင် သွားရောက်စမ်းသပ် ၍ ဆေးကုသမှုခံယူခြင်းတို့ကို အခမဲ့ဆောင်ရွက်နိုင်ကြောင်း မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **ကိုကျော်(မြန်/ဆက်)**

ထန်ပါခွေမြို့၌ နာဂဒေသထွက်ပစ္စည်းများ တွင်တွင်ကျယ်ကျယ်အသုံးပြုလာ

ထန်ပါခွေ နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ လဟယ်မြို့နယ် ထန်ပါခွေမြို့၌ နေထိုင်သောဒေသခံပြည်သူများသည် မိမိတို့ ရိုးရာ အသုံးအဆောင်ပစ္စည်းများဖြစ်သော ကြိမ်ပလိုင်း၊ တောင်းများ၊ ရိုးရာဆန်ကောများ ရက်လုပ်ခြင်းဖြင့် မိသားစုဝင်ငွေရရှိလျက် ရှိကြောင်း သိရသည်။

အဆိုပါမြို့တွင် ကြိမ်၊ နီး၊ ဝါးများဖြင့် ပြုလုပ်ထားသည့် နာဂဒေသအသုံးအဆောင် ဖြစ်သော ပလိုင်းအစိတ်၊ အကျဲ၊ ဆန်ခြင်သည့် တောင်းအသေး၊ အကြီး၊ ကြိမ်စားပွဲ၊ ကြိမ် ထိုင်ခုံ၊ ငါးဖမ်းမြှုံး၊ ဆန်ကောအစရှိသည်တို့ကို ဒေသခံပြည်သူများက တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိသည်။

ယင်းအသုံးအဆောင် ပစ္စည်းများထဲမှ ပလိုင်းတစ်လုံးရက်လုပ်လျှင် အချိန်ငါးရက် ကြာမြင့်ကြောင်း၊ ပလိုင်းတစ်ခုလျှင် ဒေသ ပေါက်ဈေးငွေကျပ် ၁၅၀၀၀ ရရှိကြောင်း၊ ကုန်ကြမ်းပစ္စည်းအနေဖြင့် ဝါး၊ ကြိမ်၊ နီးများကို အသုံးပြုရက်လုပ်ရကြောင်း၊ ပလိုင်းအကျဲကို ထင်းခွေ၊ ရေခပ်၊ တောင်ယာသွားသည့်အချိန် တွင်လည်းကောင်း၊ ပလိုင်းအစိတ်ကို ဟင်းသီး ဟင်းရွက်နှင့် ဆန်၊ စပါးများထည့်ရာတွင် အသုံး ပြုကြောင်း၊ အချို့က လက်ဆောင်ပေးရန် အတွက် မှာယူကြကြောင်း၊ ပလိုင်းအစိတ်၊ အကျဲ၊ အကြီး၊ အသေးအပေါ်မူတည်၍ ဈေးနှုန်း ပြောင်းလဲမှုရှိကြောင်း၊ ဒေသခံပြည်သူအများစု မှာ တောင်ယာနားသည့်နေ့ရက်များတွင် ယင်း အသုံးအဆောင်ပစ္စည်းများကို ရက်လုပ်ကြ ကြောင်း ဒေသခံပြည်သူ ဦးဟန်ကြည်က ပြောသည်။

အလန်(မြန်/ဆက်)

တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲများပြုလုပ်

လူငယ်များ အသိပညာဗဟုသုတများရရှိစေရန်နှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ပြုလုပ် လျက်ရှိကြောင်း သိရသည်။

ကာလိ

ရှမ်းပြည်နယ်(တောင်ပိုင်း) ကာလိမြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာရေးဆရာ နတ်သျှင်(ရွှေဂူ)၏ "လူငယ်များ၏ ရွှေရောင်မနက်ဖြန်" စာအုပ်ဖြင့် စာဖတ်ဝိုင်းနှင့်စာအုပ်စာစောင်ပြပွဲကို နိုဝင်ဘာ ၈ ရက် က အခြေခံပညာအထက်တန်းကျောင်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ ကြောင်း သိရသည်။

ယင်းနောက် အခြေခံပညာအလယ်တန်းပြဆရာမ ဒေါ်ဖြူဖြူ ကျော်က "လူငယ်များ၏ ရွှေရောင်မနက်ဖြန်"ခေါင်းစဉ်ဖြင့် ဦးဆောင် ဆွေးနွေးပြီး Grade-9မှ ကျောင်းသား ကျောင်းသူများက "ရွှေရောင် လေးတွေ လင်းလက်ခွင့်ပေးပါ" ခေါင်းစဉ်၊ "ဘဝဆိုတာ အရှုံးပေးဖို့ မဟုတ်ပါဘူး" ခေါင်းစဉ်၊ "ဥယျာဉ်မှူးနှင့် ပန်းပင်လယ်"ခေါင်းစဉ်၊ "ကိုယ်ကအရင် စကောင်းလိုက်ပါ" ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ထင်ထင်(မြန်/ဆက်)**

မင်းဘူး

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် စကုမြို့တောင်ရပ် အခြေခံပညာအထက် တန်းကျောင်းတို့ပူးပေါင်း၍ လူငယ်ရေးရာအသိပညာပေးဟောပြော ပွဲကို နိုဝင်ဘာ ၇ ရက်က စကုမြို့တောင်ရပ် အခြေခံပညာအထက် တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က ကျောင်းသားများနှင့် ပညာရေးကဏ္ဍ၊ စာဖတ်ခြင်းအကြောင်း၊ စာဖတ်ခြင်းမှရရှိလာသည့် အကျိုးကျေးဇူးများကို အသိပညာပေး ပြောကြားသည်။

ထို့နောက် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသ ထားသော လူကုန်ကူးမှုတိုက်ဖျက်ရေး၊ ကလေးအလုပ်သမား ပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး နံရံကပ် စာစောင်များနှင့် သုတ/ရသစာအုပ်များကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား ကျောင်းသူများက စိတ်ဝင်တစား လေ့လာဖတ်ရှုခဲ့ကြ ကြောင်း သိရသည်။ **ဇေယျာထက်(မင်းဘူး)**

မုံရွာ

ပြန်ကြားရေးဝန်ကြီးဌာန စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးပြီး လူငယ် မောင်မယ်များ အသိပညာဗဟုသုတများ ဖလှယ်တတ်စေရေး အတွက် ရည်ရွယ်ပြီး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၈ ရက်က ခရိုင်လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပ သည်။

အဆိုပါလူငယ်ရေးရာဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်စိုးက လူငယ်ရေးရာနှင့်စပ်လျဉ်းပြီး ဗဟုသုတရရှိစေနိုင် မည့် စာကောင်းပေမွန်များကို ဖတ်ရှုလေ့လာကြရမည်ဖြစ်ကြောင်း၊ လူငယ်မောင်မယ်များအနေဖြင့် မူးယစ်ဆေးဝါးကို အသုံးမပြုဘဲ လုံးဝရှောင်ကြဉ်စေရေးအတွက် ဆိုးကျိုးများနှင့် လူကုန်ကူးမှုဆိုင်ရာ တို့ကို အသိပညာပေးဟောပြောသည်။

ခရိုင်(မြန်/ဆက်)

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး စည်ပင်သာယာရေးလုပ်ငန်း ဆောင်ရွက်မှုများအား ကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၈
နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ ဌာနကြီးမှူးများနှင့်အတူ နိုဝင်ဘာ ၇ ရက်က ပျဉ်းမနား မြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဇမ္ဗူသီရိ မြို့နယ်များအတွင်း စည်ပင်သာယာရေး လုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကန်တော်မင်္ဂလာ ရှမ်းကန်အတွင်း ရေလယ်ဘုရား ကျောင်းဆောင်၊ ရှင်ဥပဂုတ္တ ကျောင်းဆောင်နှင့် လူကူး လျှောက်လမ်းတံတား အသစ်တည်ဆောက်ခြင်းလုပ်ငန်း များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်က ကန်တော်မင်္ဂလာ ရှမ်းကန်သို့ လာရောက် အပန်းဖြေသူ ပြည်သူ များ စိတ်အေးချမ်းပျော်ရွှင်စေရန် ကန်ပတ်လည်တွင် အရိပ်ရပင်၊ ပန်းအလှပင်များ ထပ်မံစိုက်ပျိုး ရန်၊ ကွန်ကရစ်လျှောက်လမ်းဘေး မြေနေရာလွတ်များတွင် အလှမြက်များ ထည့်သွင်းစိုက်ပျိုးရန်နှင့် ကန်ပတ်လမ်းမီးများ အမြဲ ကောင်းမွန်စေရေး ဂရုပြု ဆောင်ရွက်ရန်၊ ကန်အတွင်းနှင့် ကန်ပတ်ဝန်းကျင်အား အမြဲ သန့်ရှင်းနေစေရေး အလေးထား ဆောင်ရွက်ရန်နှင့် မြို့မိမြို့ဖများ အနေဖြင့်လည်း မြို့အင်္ဂါရပ် နှင့်အညီ သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ရှိစေရေးကို အလေးထားကာ ကန်ပတ်လည် ကားလမ်းဘေးရှိ လူနေအိမ်များ ကို သန့်ရှင်းသပ်ရပ်လှပမှု ရှိစေ ရေး ပူးပေါင်းဆောင်ရွက်ပေးကြ ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် လယ်ဝေး မြို့နယ်အတွင်းရှိ စမ်းကလေး သုသာန်ရှိ မီးသင်္ဂြိုဟ်စက်ပြုပြင် ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဇမ္ဗူသီရိအထူးကု ဆေးရုံကြီးရှိ အထွေထွေရောဂါ ကုသဆောင်နှင့် ကျောက်ကပ် ရောဂါကုသဆောင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးရာ ကျောက်ကပ် ဆေးကြောကုသနေသည့် လူနာ များကို အားပေးစကား ပြောကြား သည်။ မြို့တော်ဝန်က ဆေးရုံသို့ လာရောက်ကုသသည့် အများ ပြည်သူများ စိတ်ချမ်းမြေ့ အဆင် ပြေစေရန်နှင့် ကောင်းမွန်ပြည့်စုံ သော ဝန်ဆောင်မှုများပေးနိုင် ရေး ကြိုးစားဆောင်ရွက်ကြရန် နှင့် ဆေးရုံဝင်းအတွင်း ပန်းအလှပင်များ ထပ်မံစိုက်ပျိုး ရန် တာဝန်ရှိသူများအား မှာကြား ခဲ့ကြောင်း သိရသည်။**သတင်းစဉ်**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များတစ်ပြေးညီဖွံ့ဖြိုးရေး လမ်း၊ လျှပ်စစ်မီးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအား အလေးထားဆောင်ရွက်

မုံရွာ နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် မုံရွာစက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ MSMEs လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၇ ရက်က ကျင်းပသည်။ (ယာပုံ)

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများမှ လုပ်ဆောင်ပေးရမည့်လုပ်ငန်းများ လိုအပ်ချက် များရှိပါက လုပ်ငန်းရှင်များအနေဖြင့် ပွင့်လင်းစွာ ဆွေးနွေး တင်ပြသွားကြစေလိုကြောင်း၊ MSMEs လုပ်ငန်းများ မြှင့်တင်ပေးနိုင်ရေးအတွက် နိုင်ငံ့ စီးပွားမြှင့်တင်ရေးရန် ငွေကျပ် ၁၀ ဘီလီယံကို ထုတ်ချေးပေးထားပြီး တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် လမ်း၊ လျှပ်စစ်မီးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အား မိမိတို့အနေဖြင့် အလေးထား ဆောင်ရွက် ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသော မုံရွာစက်မှုဇုန် စီမံခန့်ခွဲ ရေးကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် MSMEs လုပ်ငန်းရှင်များက မိမိတို့လုပ်ကိုင် ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေများနှင့် ကုန်ကြမ်းရရှိမှု၊ ထုတ်လုပ်တင်ပို့ရောင်းချမှုနှင့် လျှပ်စစ်မီးရရှိမှုတို့အား အသီးသီးရှင်းလင်းတင်ပြ ကြပြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မိမိတို့ဌာနများအလိုက် သက်ဆိုင်သည့်လုပ်ငန်းများ နှင့် ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ က ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

နံနက်ပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် နှင့်အဖွဲ့ဝင်များသည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ၌ ကျင်းပသည့် (၃၅)ကြိမ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီးနောက် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများအတွက် ဆန်၊ ဆီများအားလည်းကောင်း ထောက်ပံ့ပေးအပ် ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

သီတင်းကျွတ်ကာလ ငပလီကမ်းခြေသို့ ပြည်တွင်း ပြည်ပခရီးသွား ၅၀၀၀ နီးပါးဝင်ရောက် ယမန်နှစ်ကထက် ၆၄ ရာခိုင်နှုန်းကျော် တိုးတက်

ရန်ကုန် နိုဝင်ဘာ ၈
ယခုနှစ် သီတင်းကျွတ်ပွဲတော် ကာလ ရုံးပိတ်ရက် သုံးရက်တာ အတွင်း ငပလီကမ်းခြေ အပန်းဖြေ စခန်းတွင် ခရီးသွားများဖြင့် စည်ကားခဲ့ရာ ယမန်နှစ်ကထက် ပြည်တွင်း ပြည်ပ ခရီးသွား ၆၄ ဒသမ ၉၄ ရာခိုင်နှုန်း တိုးမြှင့် ဝင်ရောက်ခဲ့ကြောင်း ရခိုင် ပြည်နယ် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

သီတင်းကျွတ်လပြည့်အကြို၊ လပြည့်နေ့နှင့် လပြည့်ကျော် တစ်ရက်နေ့ သုံးရက်တာအတွင်း ငပလီကမ်းခြေသို့ ပြည်တွင်း၊ ပြည်ပခရီးသွား ၄၉၂၇ ဦး ဝင်ရောက်ခဲ့ပြီး ယမန်နှစ်က ၂၉၂၇ ဦး ပိုမိုဝင်ရောက်ခဲ့သဖြင့် ယမန် နှစ်ကထက် တိုးတက်လာကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင် နိုဝင်ဘာ လမှ မေလလယ်အထိ ခရီးသွား များ လာရောက်လည်ပတ်လေ့ ရှိပြီး ၂၀၂၁ ခုနှစ်၌ ၅၈၉၆၉ ဦး၊ ၂၀၂၂ ခုနှစ်တွင် ၂၇၂၃၈၁ ဦး ဝင်ရောက်ခဲ့ရာ ၃၆၂ ဒသမ ၉ ရာခိုင်နှုန်း ခရီးသွားတိုးတက်ခဲ့ သည်။ အလားတူ ယခုနှစ်ခရီးသွား ရာသီ၌ ယမန်နှစ်ကထက် ခရီး သွား ပိုမိုဝင်ရောက်နိုင်ဖွယ် ရှိသည်။

“အပန်းဖြေကမ်းခြေနဲ့ ခရီး သွားဒေသတွေကို ခရီးသွား ဝင်ရောက်လာမှုဟာ ဒေသခံတွေ အလုပ်အကိုင် အဆင်ပြေပြီး စီးပွားရေးလုပ်ငန်းရှင်တွေလည်း ဝင်ငွေရကြပါတယ်။ နိုင်ငံတော် အတွက်လည်း အခွန်ငွေတိုးလာ စေတယ်လို့ ဆိုရမှာပါ။ သီတင်း ကျွတ်ကာလမှာ ရုရှားခရီးသွား တွေ အဖွဲ့လိုက်လာရောက် လည်ပတ်တာ တွေ့ရတယ်။ ဒီနှစ်မှာ ပြည်ပခရီးသွားတိုးလာ တယ်လို့ပြောရမှာပါ”ဟု ရခိုင် ပြည်နယ် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြား ရေးမှူး ဦးတင်ထွန်းအောင်က ပြောသည်။

သီတင်းကျွတ်ပွဲတော်ကာလ ၌ ရုရှားနိုင်ငံမှ ခရီးသွား ၄၀ ကျော်နှင့် ပြည်ပခရီးသွားများ ဝင်ရောက်ခဲ့ပြီး တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ ခရီးသွားများ ကိုလည်း ဗီဇာကင်းလွတ်ခွင့် ဆောင်ရွက်ပေးထားသည့်အတွက် ၂၀၂၃ ခုနှစ် ခရီးသွားရာသီသည် ပွဲတော်ကာလများ၌ ပြည်တွင်း၊ ပြည်ပခရီးသွားများဖြင့် စည်ကား များပြားနိုင်ကြောင်း ဟိုတယ် လုပ်ငန်းနှင့် ပို့ဆောင်ရေးလုပ်ငန်း ရှင်များက ခန့်မှန်းထားကြသည်။

ငပလီကမ်းခြေကို နိုင်ငံခြား ခရီးသွားများ နှစ်ခြိုက်ခြင်းသည် ကမ်းခြေ သာယာလှပခြင်း၊ ရေကြည်လင် သန့်ရှင်းခြင်း၊ သဲပြင် အဖြူရောင်ရှိခြင်း၊ ရာသီဥတုအေးနေချိန်၌ ရေပြင် မှာနွေးနေခြင်းနှင့် ပင်လယ်စာ ကောင်းမွန်ခြင်းတို့ကြောင့် ဖြစ် သည်။ ပြည်တွင်း ပြည်ပ ခရီး သွားများ တည်းခိုအနားယူနိုင်ရန် ငပလီကမ်းခြေတွင် ဟိုတယ်နှင့် တည်းခိုခန်း ၅၁ လုံး၊ ကျောက်ဖြူ တွင် ၁၁ လုံး၊ စစ်တွေ၌ ၁၇လုံး၊ မြောက်ဦးတွင် သုံးလုံးနှင့် မာန်အောင်ကျွန်းတွင် တစ်လုံး ဖွင့်လှစ်ထားကာ ပြည်တွင်း ပြည်ပခရီးသွားများ စိတ်အေးချမ်း စွာ အနားယူ လည်ပတ်နိုင်ရန် ကြိုတင် ပြင်ဆင်ထားကြောင်း သိရသည်။

ကိုဗစ်လွန် ကာလ၌ နိုင်ငံတော်မှ ခရီးသွားကဏ္ဍကို ပြန်လည် ဖော်ဆောင်ခဲ့ရာ ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ခရီးသွားမြှင့်တင်ရေး ကဏ္ဍ တစ်ရပ်အနေဖြင့် ငပလီကမ်းခြေ၌ ပထမဆုံးသော ဆောင်းဦးအထိမ်း အမှတ်ပွဲတော်ဖြင့် ခရီးသွား လုပ်ငန်းကို စတင်ဆွဲဆောင်ခဲ့ပြီး ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည် အသက်ဝင်ခဲ့သည်။ ယခုနှစ်ခရီးသွားရာသီ၌ ရခိုင် ပြည်နယ်ရှိ မြို့နယ်ငါးခုတွင် ထူးခြားသော ဆောင်းဦးပွဲတော် အစီအစဉ်များက ခရီးသွားများကို အသင့်စောင့်ကြိုလျက်ရှိသည်။

ညိမ်းသူ(သတင်းစဉ်)
ဓာတ်ပုံ - ကနူး

၂၀၂၃ ခုနှစ် အောက်တိုဘာလအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL– 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 (PM_{10})၊ Sulphur Dioxide (SO_2)၊ Nitrogen Dioxide (NO_2)၊ Ozone (O_3) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

စဉ်		ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ	တိုင်းတာသည့် Parameter များ					
			၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ	၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ	ဆာလဖာဒိုင်အောက်ဆိုက်	နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်	အိုဇုန်း	ကာဗွန်မိုနောက်ဆိုက်
၁		ပြည်ထောင်စုနယ်မြေ နေပြည်တော်						
	၁	ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်	လက်ခံနိုင်သော	ကောင်းမွန်				
၂		ရန်ကုန်တိုင်းဒေသကြီး						
	၁	ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့	ကောင်းမွန်					
	၂	သာကေတမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
	၃	တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
	၄	သန်လျင်မြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
	၅	ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့	ကောင်းမွန်					
၃		မန္တလေးတိုင်းဒေသကြီး						
	၁	မတ္တရာမြို့နယ်၊ မန္တလေးမြို့	ကောင်းမွန်					
	၂	အောင်မြေသာစံမြို့နယ်၊မန္တလေးမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၃	အမရပူရမြို့						
	၄	ကျောက်ဆည်မြို့	ကောင်းမွန်					
	၅	မိတ္ထီလာမြို့	ကောင်းမွန်					
	၆	ပြင်ဦးလွင်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
၄		စစ်ကိုင်းတိုင်းဒေသကြီး						
	၁	မုံရွာမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၂	ကလေးမြို့	ခံနိုင်ရည်နည်းပါးသူများအတွက်သာ ထိခိုက်နိုင်	ကောင်းမွန်				
	၃	ကသာမြို့	လက်ခံနိုင်သော	ကောင်းမွန်	လက်ခံနိုင်သော	ကောင်းမွန်		လက်ခံနိုင်သော
	၄	ဟုမ္မလင်းမြို့	လက်ခံနိုင်သော	ကောင်းမွန်				
၅		တနင်္သာရီတိုင်းဒေသကြီး						
	၁	ထားဝယ်မြို့	ကောင်းမွန်					
	၂	မြိတ်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
၆		ပဲခူးတိုင်းဒေသကြီး						
	၁	ပဲခူးမြို့	ကောင်းမွန်					
၇		မကွေးတိုင်းဒေသကြီး						
	၁	မကွေးမြို့	ကောင်းမွန်			ကောင်းမွန်		
	၂	ပခုက္ကူမြို့		ကောင်းမွန်				ကောင်းမွန်
	၃	သရက်မြို့		ကောင်းမွန်		ကောင်းမွန်		ကောင်းမွန်
၈		ကချင်ပြည်နယ်						
	၁	မြစ်ကြီးနားမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၂	ဗန်းမော်မြို့	ကောင်းမွန်					
၉		ကယားပြည်နယ်						
	၁	လွိုင်ကော်မြို့					ကောင်းမွန်	
၁၀		ကရင်ပြည်နယ်						
	၁	ဘားအံမြို့	ကောင်းမွန်					
၁၁		မွန်ပြည်နယ်						
	၁	မော်လမြိုင်မြို့	ကောင်းမွန်					
၁၂		ရခိုင်ပြည်နယ်						
	၁	စစ်တွေမြို့	ကောင်းမွန်					
	၂	ကျောက်ဖြူမြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၃	သံတွဲမြို့	ကောင်းမွန်					
	၄	မြောက်ဦးမြို့	ကောင်းမွန်					
၁၃		ရှမ်းပြည်နယ်						
	၁	တောင်ကြီးမြို့			ကောင်းမွန်			
	၂	တာချီလိတ်မြို့	လက်ခံနိုင်သော	ကောင်းမွန်				
	၃	လားရှိုးမြို့		လက်ခံနိုင်သော		ကောင်းမွန်		ကောင်းမွန်
	၄	ကျိုင်းတုံမြို့	ကောင်းမွန်					
၁၄		ဧရာဝတီတိုင်းဒေသကြီး						
	၁	ပုသိမ်မြို့	လက်ခံနိုင်သော	ကောင်းမွန်				

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

0–50	လေထုအရည်အသွေးကောင်းမွန်သောအဆင့်
51–100	လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့်
101–150	ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
151–200	ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်
201–300	ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့်
301–500	ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့်

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ် မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Ma Khaing Lay” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အေးမြသာယာရပ်ကွက်နေ ခိုင်ဝေလွင်အား ညနေ ၅ နာရီ ၁၅ မိနစ်တွင် မြစ်ကြီးနား နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ပင်လောင်းနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၈

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီခွဲတွင် ပင်လောင်းမြို့နယ် ထိန်ပင်ကျေးရွာအုပ်စု လိန်းလီကျေးရွာအနီးတွင် အုန်းကျော်(ခ)မောင်ကျော် မောင်းနှင်လာသည့် ALPHARD အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၃၉ ဒသမ ၆ ကီလိုကိုလည်းကောင်း၊ ထိုနေ့ ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့ ပုန်းထွန်ရပ်ကွက်တွင် မသင်္ကာဖွယ်တွေ့ရှိသူ မဖြူဖြူဝင်း(ခ)မဖြူ ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၁ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

ဘုတ်ပြင်းမြို့၌ လေပြင်းတိုက်မှုကြောင့် ဘောလုံးကွင်း ပွဲကြည့်စင်အမိုး ပြိုကျ

ဘုတ်ပြင်း နိုဝင်ဘာ ၈

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့၌ ယမန်နေ့ ညနေပိုင်းက ရုတ်တရက်လေပြင်းတိုက်ခတ်မှုကြောင့် ရွှေဘုံသာရပ်ကွက် ဘောလုံးကွင်းအတွင်းရှိ ပွဲကြည့်စင်အမိုးတစ်ခုလုံး ပြိုကျခဲ့သည်။

အဆိုပါအမိုးပြိုကျမှုကို ဘုတ်ပြင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဝင်းဌေး၏ ကြီးကြပ်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းရှင်းလင်းဆောင်ရွက်သည်။ **(အောက်ပုံ)**

လေပြင်းတိုက်ခတ်မှုကြောင့် ဘောလုံးကွင်းပွဲကြည့်စင် (၆၀x၃၀) ပေ အမိုးပြိုကျခြင်းနှင့် လျှပ်စစ်ဓာတ်တိုင်ခြောက်တိုင် ထိခိုက်ပျက်စီးခဲ့ပြီး အခြားလူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးသေဆုံးမှုမရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

မိုးရှာမြို့ ထန်းတောရပ်ကွက်မီးလောင်မှု အိမ်ခြေ ၃၂ လုံးဆုံးရှုံး

မိုးရှာ နိုဝင်ဘာ ၈

မိုးရှာမြို့ ထန်းတောရပ်ကွက် ရွှေညောင်ပင်လမ်းနေ အိမ်ရှင် သန်းဇော်(ခ) ကုလား နေအိမ်တွင် ယနေ့ နံနက် ၁၂ နာရီ ၂၅ မိနစ်က အိမ်ရှင်ဖြစ်သူက ခြင်ထောင်မီးရှို့ရာမှစတင်ပြီး နေအိမ်ထရံသို့ကူးစက်ကာ မီးလောင်မှုဖြစ်ပွားပြီး နေအိမ် ၃၂ လုံး ကူးစက်မီးလောင်ခဲ့ကာ မီးဘေးသင့်ပြည်သူ ၁၆၁ ဦးရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာနေရာသို့ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ပူးပေါင်း၍ မီးငြိမ်းသတ်ယာဉ်များဖြင့် သွားရောက်ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီခွဲတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။ မီးဘေးသင့်ပြည်သူများအား ယာယီတည်းခိုနေထိုင်နိုင်ရေးနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးတို့အတွက် ဆေးပေးခန်းများကို အဆိုပါထန်းတောရပ်ကွက်ရှိ ရွှေကြာခမ္မဗိမာန်တော်တွင် တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ယနေ့ဈေးကွက်ပေါက်ဈေးများ ၈ - ၁၁ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၁၉၅ ကျပ်	၂၂၄၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၃၁၅ ကျပ်	၂၃၆၀ ကျပ်
အောက်တိန်း ၉၂	၂၀၆၀ ကျပ်	၂၁၁၀ ကျပ်
အောက်တိန်း ၉၅	၂၁၆၀ ကျပ်	၂၂၁၀ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မန္တလေးတိုင်းဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

မန္တလေး နိုဝင်ဘာ ၈

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မန္တလေးတိုင်းဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့က အသင်းရုံး၌ ကျင်းပရာ သဘာပတိအသင်းဥက္ကဋ္ဌ ဦးဟန်ထွန်းနှင့် အောင်မြေသာစံမြို့နယ် သမဝါယမဦးစီးအရာရှိ ဒေါ်ဖြူဖြူသန့်တို့က အမှာစကားပြောကြားသည်။

ထို့နောက် အသင်းအမှုဆောင်အစီရင်ခံစာနှင့် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဦးမြင့်သိန်းနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လုပ်ငန်းအစီရင်ခံစာနှင့် ရန်ပုံငွေခွဲဝေမှု၊ ပျက်စီးစာရင်းများကို ဒေါ်နုနုတို့က ဖတ်ကြားတင်ပြပြီး သဘာပတိအတည်ပြုချက်ရယူကာ အစုပေါ်အကျိုးငွေ ၂၇၆ ဒသမ ၇၃ သိန်းကို အသင်းသားကိုယ်စားလှယ်အား ပေးအပ်သည်။

ဆက်လက်၍ နာယက ဦးအောင်ဖြူ၊ ဥက္ကဋ္ဌ ဦးဟန်ထွန်းအောင်၊ အတွင်းရေးမှူး ဦးစိုးနှင့် အမှုဆောင် သုံးဦး၊ အသင်းသားစာရင်းစစ် ဦးကံစိန်၊ ဒေါ်မမလေးတို့အား ရွေးချယ်ပြီး သဘာပတိရေ့ ကတိသစ္စာခံယူကာ ဥက္ကဋ္ဌသစ်က မိတ်ဆက်စကားပြောကြားကြောင်း သိရသည်။ **ထွဏ်းလှအောင်(မန္တလေး)**

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ	-	ဝေသူနွယ်၊ ဇော်ပိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၇၀၀	၈၇၀၀	၂၄၅	၂၁၃၁၅၀၀
MTSH	၂၉၅၀	၂၈၅၀	၂၇၅၂	၇၉၆၆၂၅၀
MCB	၀	၀	၀	၀
FPB	၁၆၅၀	၁၇၀၀	၃၉၈	၆၄၀၂၅၀
TMH	၂၅၅၀	၂၅၅၀	၁	၂၅၅၀
EFR	၂၀၀၀	၂၀၀၀	၃၄၅	၆၉၀၀၀၀
AHPC	၄၉၀၀	၄၉၀၀	၅	၂၄၄၀၀
MAEPC	၁၇၅၀	၁၇၅၀	၁	၁၇၅၀

ညီညီ - စုစည်းသည်

နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

ရောဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ဂရမ်းကျေးရွာနေ ဦးတင်မျိုးလင်း ၏သား မောင်ဇင်မျိုးအောင် ၁၄/ဝခမ (နိုင်) ၃၃၇၉၁၀ ၏ နိုင်ငံကူးလက်မှတ် (MG – 614546) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၆၆၁ ၉၇၅ ၄၉၈
၀၉ ၇၅၇ ၆၉၂ ၄၄၇

နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

ရောဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းမြို့နေ ဦးမြင့်စိုး ၏သား မောင်ထွေးကို ၁၄/ဝခမ (နိုင်) ၃၁၃၂၉၈ ၏ နိုင်ငံကူးလက်မှတ် (MG – 975636) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၆၆၁ ၉၇၅ ၄၉၈
၀၉ ၇၅၇ ၆၉၂ ၄၄၇

အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ကနောင်မြို့၊ ရိုက်စုရပ်ကွက်၊ ဦးအောင်ဇော်မျိုး ၇/ညလပ(နိုင်)၁၇၁၅၄၆ ၏သား အထက(ကနောင်) Grade-10(B)မှ မောင်ဥက္ကာဗိုလ် (ကျောင်းဝင်အမှတ် -၃၆၄၅) ၏ အမည်မှန်မှာ မောင်အောင်ငြိမ်းချမ်း ဖြစ်ပါကြောင်း။

မောင်အောင်ငြိမ်းချမ်း

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၊ အထက(ခွဲ) (ချန်ကန်) Grade-10 မှ မောင်ကျော်ဇင်အောင်၏ ဖခင်အမည်မှန်မှာ ဦးချစ်ထွေး ဖြစ်ပါကြောင်း။

ဦးချစ်ထွေး

နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

ရောဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ဂရမ်းကျေးရွာနေ ဦးဗိုလ်တင့် ၏သား မောင်ဆန်းမျိုးလင်း ၁၄/ဝခမ (နိုင်) ၂၇၂၄၆၂ ၏ နိုင်ငံကူးလက်မှတ် (MF – 104586) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၆၆၁ ၉၇၅ ၄၉၈
၀၉ ၇၅၇ ၆၉၂ ၄၄၇

နိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

ရောဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ဂရမ်းကျေးရွာနေ ဦးအောင်သန်းမြ ၏သား မောင်ခန့်စည်သူ ၁၄/ဝခမ (နိုင်) ၂၇၂၄၂၈ ၏ နိုင်ငံကူးလက်မှတ် (MF – 104557) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၆၆၁ ၉၇၅ ၄၉၈
၀၉ ၇၅၇ ၆၉၂ ၄၄၇

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့ နယ်၊ အေဝမ်းလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်- ၄၃၊ မြေကွက်အမှတ်-၁၄/ခ၊ လူနေရပ်ကွက်အမှတ်-သမိုင်း၊ မြေရေိယာ (၀. ၁၉၄)ကေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်တင်အေးမွန်သန်း ၁၂/ဗတထ(နိုင်) ၀၀၀၈၁၀ အမည်ပေါက်တည်ရှိသော မြေပိုင်မြေ-လ/န ၃(ခ)၊ အိမ်ယာမြေဖြစ်ပါသည်။ ယင်းအမည်ပေါက်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်ညှိနှိုင်းသဘောတူညီမှုအပေါ် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့် မြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေး၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၆၇၄၉)
အမှတ်-၃(B) ၊ စစ်ကိုင်းလမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ၊ လှိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၅၁၁၁၈၇၅

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6J/6990 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ပြည်နယ်ရုံး(စစ်တွေ)

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာစုအရှေ့ရပ်ကွက်၊ နိဗ္ဗာန်လမ်း၊ အမှတ်- ၂၄၊ (၇)လွှာ၊ ခေါင်းရင်းခန်း(A) တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်ဦး ၁၄/အဂပ(နိုင်)၀၀၂၅၂၆ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းတင့် ၁၂/တတန(နိုင်)၁၂၀၃၅၈ မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ဤကြေညာပါသည့်ရက်မှစ၍ (၇)အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့် တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရတနာဌေး (တရားလွှတ်တော်ရှေ့နေ)
LL.B,DBL,CBL,WIPO(Switzerland
အမှတ် ၃၈၊ မြေညီ၊ နိဗ္ဗာန်လမ်း၊ သာစုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၃၃၇၉၊၀၉-၄၂၀၀၉၅၂၂၀

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/မြို့မအနောက်ရပ်၊ မြေရေိယာ(၀ဒသမ၀၅၅)ကေရှိ မြေကွက်အမှတ်(ပ-၃၀၂၆၄)ကို အမည်ပေါက် ဒေါ်မာမာမြင့် (ဘ)ဦးသိန်းမြင့် ၁၂/လကန(နိုင်) ၀၁၃၃၀၄၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဦးတင်အောင်ကျော်(ဘ)ဦးမြင့်ကြည် ၁၄/ကလန(နိုင်) ၀၉၉၃၉၉မှ ဦးဝင်းပြည့်(ဘ)ဦးကျော်ဟိုး ၉/တတဥ(နိုင်) ၀၈၃၇၈၆နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၁၆/၂၀၂၀(၂၀-၁၁-၂၀၂၀)တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မြေရေိယာ (၀.၁၁၀)ရှိ မြေကွက်အမှတ် (ပ-၂၀၀၄၈)ကို အမည်ပေါက် ဦးခင်မောင်မြင့် (ဘ)ဦးသောင်းဒန် မှ ဒေါ်သဲသက်မှူး(ဘ)ဦးထင်ကျော်ဦး ၉/ပမန(နိုင်)၂၉၀၅၂၂နှင့်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာစာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ကိုယ်စားလှယ်လွှဲစာအမှတ် တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ လိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အထက(ခွဲ) ရွာဟောင်းကန်၊ Grade -11 မှ မောင်မင်းသီဟ ၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုမင်း ၈/မကန(နိုင်) ၁၄၂၉၄၄ ဖြစ်ပါကြောင်း။

ဦးအောင်ကိုမင်း

တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးတက္ကသိုလ်၊ အဝေးသင်ဌာန၊ တတိယနှစ်၊ ရက္ခဗေဒ တွင် ပညာသင်ကြားနေသော မဖွေးဖွေးသွယ်၏ ဖခင်မှာ ဦးဖုန်းမြင့်ဦး(ခ)ဦးဘုန်းမြင့်ဦး ၁၃/တကန(နိုင်)၀၃၅၃၉၃ မှာ အမည်နှစ်မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

